မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၁၈ ]** ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက် ( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၂ ရက် ) } **သောကြာနေ့ [ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက် )

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းလိုက်သည် -

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**

**မဟာသရေစည်သူဘွဲ့**

၁။ ကြည်း ၁၄၂၃၂ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးဝဏ္ဏမောင်လွင် | ပြည်ထောင်စုဝန်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂။ | ဦးရဲထွန်း | ပြည်ထောင်စုဝန်ကြီး | ပြန်ကြားရေးဝန်ကြီးဌာန |
| ၃။ | ဦးစိုးဝင်း | ပြည်ထောင်စုဝန်ကြီး | သာသနာရေးဝန်ကြီးဌာန |
| ၄။ | ဦးဝင်းထွန်း | ပြည်ထောင်စုဝန်ကြီး | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန |
| ၅။ | ဦးခင်မောင်စိုး | ပြည်ထောင်စုဝန်ကြီး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၆။ | ဒေါက်တာမြအေး | ပြည်ထောင်စုဝန်ကြီး | ပညာရေးဝန်ကြီးဌာန |
| ၇။ | ဒေါက်တာဒေါ်ခင်စန်းရီ | ပြည်ထောင်စုဝန်ကြီး | ပညာရေးဝန်ကြီးဌာန |
| ၈။ | ဒေါက်တာမြင့်အောင် | ပြည်ထောင်စုဝန်ကြီး | သတ္တုတွင်းဝန်ကြီးဌာန |
| ၉။ | ဦးဝင်းရှိန် | ပြည်ထောင်စုဝန်ကြီး | ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၁၀။ | ဒေါက်တာကံဇော် | ပြည်ထောင်စုဝန်ကြီး | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |

**သီရိပျံချီဘွဲ့ (အဆက်)**

| | | | |
|---|---|---|---|
| ၁၁။ | ဦးကျော်လွင် | ပြည်ထောင်စုဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒေါက်တာမြတ်မြတ်အုန်းခင် | ပြည်ထောင်စုဝန်ကြီး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါက်တာကိုကိုဦး | ပြည်ထောင်စုဝန်ကြီး | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| ၁၄။ | ဦးဌေးအောင် | ပြည်ထောင်စုဝန်ကြီး | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန |
| ၁၅။ | ဦးမျိုးမြင့် | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၆။ | ဦးကျော်ကျော်မောင် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၁၇။ | ဦးဝင်းမြ | ဥက္ကဋ္ဌ | မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် |
| ၁၈။ | ဦးခင်မောင်ဦး(ခ)ဦးဘူးရယ် | ဝန်ကြီးချုပ် | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၁၉။ | ဦးမြတ်ကို | ဝန်ကြီးချုပ် | တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ |
| ၂၀။ | ဦးလှမောင်တင် | ဝန်ကြီးချုပ် | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၁။ | ဦးအောင်မြတ်(ခ) စဝ်အောင်မြတ် | ဝန်ကြီးချုပ် | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |

**ဇေယျကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ရေ ၁၂၈၇ | ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်း | ကာကွယ်ရေးဦးစီးချုပ် (ရေ) |
| ၂။ | ကြည်း ၁၈၁၃၁ | ဗိုလ်ချုပ်ထွန်းထွန်းနောင် | အမှတ်(၁)စစ်ဆင်ရေးအထူးအဖွဲ့မှူး |
| ၃။ | ကြည်း ၁၈၂၈၀ | ဗိုလ်ချုပ်မင်းနောင် | အမှတ်(၄)စစ်ဆင်ရေးအထူးအဖွဲ့မှူး |
| ၄။ | ကြည်း ၁၈၁၃၃ | ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး | အမှတ်(၆)စစ်ဆင်ရေးအထူးအဖွဲ့မှူးနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် |
| ၅။ | ကြည်း ၁၆၇၆၇ | ဒုတိယဗိုလ်ချုပ်ကြီးညိုစော | စစ်ထောက်ချုပ် |
| ၆။ | ကြည်း ၁၈၈၂၀ | ဗိုလ်ချုပ်လူအေး | စစ်ရာထူးခန့်ချုပ် |
| ၇။ | ရေ ၁၃၇၄ | ဗိုလ်မှူးချုပ်မိုးအောင် | စစ်ဦးစီးအရာရှိချုပ် (ရေ) ကာကွယ်ရေးဦးစီးချုပ် (ရေ) |
| ၈။ | လေ ၁၉၂၅ | ဗိုလ်မှူးချုပ်မောင်မောင်ကျော် | စစ်ဦးစီးအရာရှိချုပ် (လေ) ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) |
| ၉။ | ကြည်း ၂၁၃၉၅ | ဗိုလ်မှူးချုပ်မိုးမြင့်ထွန်း | တိုင်းမှူး နေပြည်တော်တိုင်းစစ်ဌာနချုပ် |
| ၁၀။ | ကြည်း ၁၈၂၉၆ | ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန် | တိုင်းမှူး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၁၁။ | ကြည်း ၂၀၃၂၄ | ဗိုလ်မှူးချုပ်ဖုန်းမြတ် | တိုင်းမှူး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် |
| ၁၂။ | ကြည်း ၁၈၉၈၅ | ဗိုလ်ချုပ်အေးဝင်း | တိုင်းမှူး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် |

## ဇယားကျော်ထင်ဘွဲ့ (အဆက်)

| | | | |
|---|---|---|---|
| ၁၃။ | ကြည်း ၁၉၅၆၃ | ဗိုလ်မှူးချုပ်ဝင်းမင်းထွန်း | တိုင်းမှူး<br>အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၁၄။ | ကြည်း ၂၀၁၇၅ | ဗိုလ်မှူးချုပ်အောင်ဇော်အေး | တိုင်းမှူး<br>တြိဂံဒေသတိုင်းစစ်ဌာနချုပ် |
| ၁၅။ | ကြည်း ၁၉၇၁၄ | ဗိုလ်မှူးချုပ်မျိုးဝင်း | တိုင်းမှူး<br>အရှေ့တောင်တိုင်းစစ်ဌာနချုပ် |
| ၁၆။ | ကြည်း ၁၉၅၇၁ | ဗိုလ်မှူးချုပ်မောင်မောင်စိုး | တိုင်းမှူး<br>ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် |
| ၁၇။ | ကြည်း ၂၀၂၂၀ | ဗိုလ်မှူးချုပ်မျိုးဇော်သိန်း | တိုင်းမှူး<br>ရန်ကုန်တိုင်းစစ်ဌာနချုပ် |
| ၁၈။ | ကြည်း ၂၀၂၇၈ | ဗိုလ်မှူးချုပ်တေဇကျော် | တိုင်းမှူး<br>အနောက်တောင်တိုင်းစစ်ဌာနချုပ် |
| ၁၉။ | ကြည်း ၁၈၂၆၃ | ဗိုလ်ချုပ်အောင်လင်းဒွေး | တိုင်းမှူး<br>အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၂၀။ | ကြည်း ၂၀၇၀၁ | ဗိုလ်မှူးချုပ်သန်းလှိုင် | တိုင်းမှူး<br>အနောက်မြောက်တိုင်းစစ်ဌာနချုပ် |
| ၂၁။ | ကြည်း ၁၈၉၅၉ | ဗိုလ်မှူးချုပ်မြတ်ကျော် | တိုင်းမှူး<br>တောင်ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၂၂။ | ရေ ၁၃၂၇ | ဗိုလ်ချုပ်မြင့်နွယ် | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ကြည်း ၁၈၈၈၆ | ဗိုလ်ချုပ်အောင်စိုး | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၄။ | ကြည်း ၁၆၅၆၅ | ဗိုလ်ချုပ်တင်ထွန်းအေး | တွဲဖက်စစ်ထောက်ချုပ်<br>စစ်ထောက်ချုပ်ရုံး |
| ၂၅။ | ကြည်း ၁၈၂၇၂ | ဗိုလ်ချုပ်မင်းနိုင် | တွဲဖက်စစ်ထောက်ချုပ်<br>စစ်ထောက်ချုပ်ရုံး |
| ၂၆။ | ကြည်း ၁၈၈၃၄ | ဗိုလ်ချုပ်အောင်မျိုးထွန်း | ဒုတိယလေကြောင်းရန်ကာကွယ်ရေး<br>တပ်ဖွဲ့အရာရှိချုပ်<br>လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့<br>အရာရှိချုပ်ရုံး |
| ၂၇။ | ကြည်း ၁၉၆၄၂ | ဗိုလ်ချုပ်သန်းထွတ်သိန်း | ဒုတိယတပ်မတော်စစ်ဘက်ရေးရာ<br>လုံခြုံရေးအရာရှိချုပ်<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေး<br>အရာရှိချုပ်ရုံး |
| ၂၈။ | ကြည်း ၁၇၉၅၃ | ဗိုလ်ချုပ်စန်းမြင့် | ဒုတိယတပ်မတော်လေ့ကျင့်ရေး<br>အရာရှိချုပ်<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး |

**ဇယားကျော်ထင်ဘွဲ့ (အဆက်)**

| | | | | |
|---|---|---|---|---|
| ၂၉။ | ကြည်း | ၁၉၄၉၇ | ဗိုလ်ချုပ်စိုးနိုင်ဦး | ဒုတိယတပ်မတော်လေ့ကျင့်ရေး<br>အရာရှိချုပ်<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး |
| ၃၀။ | ကြည်း | ၁၉၇၅၄ | ဗိုလ်ချုပ်ဆွေဝင်း | ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး<br>အရာရှိချုပ်<br>ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး |
| ၃၁။ | ကြည်း | ၁၉၆၈၅ | ဗိုလ်မှူးချုပ်ကိုကိုလွင် | ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး<br>အရာရှိချုပ်<br>ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး |
| ၃၂။ | ကြည်း | ၁၇၅၄၅ | ဗိုလ်မှူးချုပ်ထွန်းထွန်းတု | ညွှန်ကြားရေးမှူး<br>အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး |
| ၃၃။ | ကြည်း | ၁၄၈၆၇ | ဗိုလ်ချုပ်ဘလှအေး | ညွှန်ကြားရေးမှူး<br>သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး |
| ၃၄။ | ကြည်း | ၁၇၄၃၈ | ဗိုလ်ချုပ်သော်လွင် | ညွှန်ကြားရေးမှူး<br>ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး |
| ၃၅။ | ကြည်း | ၁၈၁၃၆ | ဗိုလ်ချုပ်အောင်ရဲဝင်း | ညွှန်ကြားရေးမှူး<br>ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး<br>ညွှန်ကြားရေးမှူးရုံး |
| ၃၆။ | ကြည်း | ၁၈၆၉၃ | ဗိုလ်ချုပ်ထင်မော်ထွန်း | ညွှန်ကြားရေးမှူး<br>ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ<br>ညွှန်ကြားရေးမှူးရုံး |
| ၃၇။ | ကြည်း | ၁၇၅၁၆ | ဗိုလ်ချုပ်ဝင်းသိန်း | စခန်းမှူး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)<br>စခန်းမှူးရုံး |
| ၃၈။ | ကြည်း | ၁၆၇၁၀ | ဗိုလ်ချုပ်လှမြင့် | ညွှန်ကြားရေးမှူး<br>လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများ<br>ညွှန်ကြားရေးမှူးရုံး |
| ၃၉။ | ကြည်း | ၁၈၉၁၉ | ဗိုလ်ချုပ်စိုးဝင်း | ညွှန်ကြားရေးမှူး<br>ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး |
| ၄၀။ | ကြည်း | ၁၆၇၂၈ | ဗိုလ်ချုပ်စိုးဝင်း | ညွှန်ကြားရေးမှူး<br>ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး |
| ၄၁။ | ကြည်း | ၂၀၇၀၅ | ဗိုလ်မှူးချုပ်ထွန်းထွန်းညီ | တပ်ထိန်းချုပ်<br>တပ်ထိန်းချုပ်ရုံး |
| ၄၂။ | ကြည်း | ၁၇၉၄၃ | ဗိုလ်ချုပ်တောက်ထွန်း | ညွှန်ကြားရေးမှူး<br>တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး |
| ၄၃။ | ကြည်း | ၁၈၁၉၀ | ဗိုလ်ချုပ်တင်ဆွေဝင်း | ညွှန်ကြားရေးမှူး<br>တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံး |
| ၄၄။ | ကြည်း | ၂၁၄၃၆ | ဗိုလ်မှူးချုပ်ဇော်မြင့်နိုင် | ညွှန်ကြားရေးမှူးချုပ်<br>ငွေစာရင်းရုံး |

**ဇေယျကျော်ထင်ဘွဲ့ (အဆုံး)**

| | | | |
|---|---|---|---|
| ၄၅။ | ကြည်း ၁၈၉၆၉ | ဗိုလ်မှူးချုပ်မောင်မောင်မြင့် | ညွှန်ကြားရေးမှူး<br>စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး |
| ၄၆။ | ကြည်း ၁၇၄၅၉ | ဗိုလ်ချုပ်မင်းဇော် | ညွှန်ကြားရေးမှူး<br>ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး |
| ၄၇။ | ကြည်း ၁၅၁၇၂ | ဗိုလ်မှူးချုပ်ဇော်ဇော် | ညွှန်ကြားရေးမှူး<br>စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး |
| ၄၈။ | ကြည်း ၁၈၃၉၄ | ဗိုလ်ချုပ်အောင်ဇေယျ | ညွှန်ကြားရေးမှူး<br>လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး |
| ၄၉။ | ကြည်း ၂၂၅၇၂ | ဗိုလ်မှူးချုပ်မျိုးမိုးအောင် | ကျောင်းအုပ်ကြီး<br>နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် |
| ၅၀။ | ကြည်း ၁၉၆၃၄ | ဗိုလ်ချုပ်အောင်သူ | ကျောင်းအုပ်ကြီး<br>စစ်ဦးစီးတက္ကသိုလ် |
| ၅၁။ | ကြည်း ၁၉၅၅၉ | ဗိုလ်ချုပ်မြင့်မော် | ကျောင်းအုပ်ကြီး<br>စစ်တက္ကသိုလ် |
| ၅၂။ | ကြည်း ၁၈၂၇၆ | ဗိုလ်ချုပ်ကံမြင့်သန်း | ဌာနချုပ်မှူး<br>တပ်မတော်သိပ္ပံနှင့်နည်းပညာသုတေသနဌာန |
| ၅၃။ | ကြည်း ၁၄၂၇၂ | ဗိုလ်ချုပ်လှဝင်း | တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏<br>စစ်လက်နက်ပစ္စည်းဆိုင်ရာအကြံပေးပုဂ္ဂိုလ် |
| ၅၄။ | ကြည်း ၁၆၆၉၅ | ဗိုလ်ချုပ်မျိုးမြင့်သိန်း | တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏<br>ဆေးဘက်ဆိုင်ရာအကြံပေးပုဂ္ဂိုလ် |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၉ ရက် )

**စစ်ဆေးရေးမှူးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥပဒေပုဒ်မ ၃၇ အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒ) ဦးထင်ကျော်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စစ်ဆေးရေးမှူးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက် )

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးထိန်လွင်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်<br>ကွပ်ကဲရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ခ) | ဦးခင်မောင်ဝင်း<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ဂ) | ဦးသန်းနိုင်ထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား<br>မှတ်ပုံတင်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား<br>ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည် -

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးအေးဆန်း | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး<br>ဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ခ) | ဦးယဉ်ဇော်မျိုး | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါ်မိမိခိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ခ) | ဒေါက်တာဖိုးကောင်း<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာဒေါ်သီတာဝင်း<br>ဒုတိယပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာဒေါ်တင့်တင့်<br>ဒုတိယပါမောက္ခချုပ်<br>မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (င) | ဒေါက်တာသန်းစိုး<br>ဒုတိယပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြစ်ကြီးနားတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (စ) | ဒေါက်တာတင်ထွေး<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဟသ်ာတတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဆ) | ဒေါက်တာကိုကိုမြင့်<br>ဒုတိယပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပင်လုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဇ) | ဒေါက်တာမောင်မောင်နိုင်<br>ဒုတိယပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဈ) | ဒေါက်တာဒေါ်စမ်းစမ်းမာ<br>ဒုတိယပါမောက္ခချုပ်<br>တောင်ငူတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကျိုင်းတုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၆**

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက် )

**ဆင်းရဲနွမ်းပါးသူများ ကူညီစောင့်ရှောက်ရေးအဖွဲ့ ဖျက်သိမ်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၁၄၊ ဇူလိုင်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၂/၂၀၁၄ နှင့် ဩဂုတ်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၄/၂၀၁၄ တို့ဖြင့် ဖွဲ့စည်းခဲ့သော **"ဆင်းရဲနွမ်းပါးသူများကူညီစောင့်ရှောက်ရေးအဖွဲ့"** ကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၆) ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေမှအဆက် ]**

**အခန်း (၂၀)**

**ချေးငွေဆိုင်ရာသတင်းအချက်အလက်**

**ချေးငွေသတင်းအချက်အလက်ဌာနနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်**

၁၄၂။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၇၅ အပြင် ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ချေးငွေဆိုင်ရာသတင်းအချက်အလက်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့် သက်ဆိုင်စေရမည်။

(ခ) ဗဟိုဘဏ်သည် နိုင်ငံတော်ရှိ ဘဏ်အားလုံး၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် အခြားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်သူများ၏ ချေးငွေပြန်လည်ပေးဆပ်မှု မှတ်တမ်းနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များ စုဆောင်းပြီး ပြန်လည်ဖြန့်ဖြူးပေးသည့် ချေးငွေသတင်းအချက်အလက်ဌာနတစ်ခုကို တည်ထောင်ခြင်းဖြစ်စေ၊ တည်ထောင်ခွင့်ကိုဖြစ်စေ ပြုနိုင်သည်။

(ဂ) ဗဟိုဘဏ်သည် ငွေချေးပေးရန် ထိုက်တန်သူဖြစ်ကြောင်း ရည်ညွှန်းပေးသည့်စနစ်အရ လိုအပ်သည့် သတင်းအချက်အလက်များကို အစီရင်ခံတင်ပြရန် ချေးငွေထုတ်ချေးသည့် လုပ်ငန်းဆောင်ရွက်နေသည့် ချေးငွေအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အခြားအဖွဲ့အစည်းတစ်ရပ်ရပ်တို့အား ညွှန်ကြားနိုင်သည်။

(ဃ) ဘဏ်များ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများသည် ချေးငွေသတင်းအချက်အလက်ဌာနသို့ တင်ပြသော သတင်းအချက်အလက်များ မှန်ကန်မှုရှိစေရန် ဆောင်ရွက်ရမည်။

**ပုဂ္ဂလိကချေးငွေသတင်းအချက်အလက်ဌာနများအား ကြပ်မတ်ကွပ်ကဲခြင်း**

၁၄၃။ (က) ဗဟိုဘဏ်သည် ဘဏ်များ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဖယားဝင်အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များကို စိစစ်အကဲဖြတ်နိုင်သည့် ပုဂ္ဂလိကချေးငွေသတင်းအချက်အလက်ဌာနများ တည်ထောင်ရန် လိုင်စင်ထုတ်ပေးရမည့်အပြင် ၎င်းတို့ကို ကြပ်မတ်ကွပ်ကဲရန် လုပ်ပိုင်ခွင့်ရှိသည်။

(ခ) မည်သူမျှ ဗဟိုဘဏ်က ထုတ်ပေးသည့် တရားဝင်လိုင်စင်မရှိဘဲ ပုဂ္ဂလိကချေးငွေသတင်းအချက်အလက်ဌာနတစ်ခုကို တည်ထောင်လုပ်ကိုင် ဆောင်ရွက်ခြင်းမပြုရ။

၁၄၄။ ဗဟိုဘဏ်သည် ချေးငွေသတင်းအချက်အလက်ဌာနထံမှ လိုအပ်သော သတင်းအချက်အလက်များကို ရယူနိုင်သည်။

## အခန်း (၂၁)

## ကင်းလွတ်ခွင့်၊ အခကြေးငွေပြန်လည်ရရှိခြင်း၊ ဘဏ်ပိတ်ရက်များနှင့် တရားရေးဆိုင်ရာ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းတို့အတွက် လုပ်ပိုင်ခွင့်

### အခကြေးငွေ၊ ကုန်ကျစရိတ် အစရှိသည်များ ပြန်လည်ရယူကောက်ခံခြင်း

၁၄၅။ (က) သက်ဆိုင်ရာဘဏ်ထံမှ ဗဟိုဘဏ်သည် အောက်ပါတို့ကို ကြွေးမြီတစ်ရပ်အဖြစ် ပြန်လည်ရယူကောက်ခံခွင့် ရှိစေရမည် -

(၁) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ ပေးချေရမည့် အခကြေးငွေတစ်ရပ်ရပ်၏ ငွေပမာဏ၊

(၂) ဘဏ်က အောက်ဖော်ပြပါပုဂ္ဂိုလ်တစ်ဦးဦးအား ပေးချေရမည့် အခကြေးငွေနှင့်ကုန်ကျစရိတ် တစ်ရပ်ရပ် -

(កက) ခန့်အပ်သည့် စာရင်းစစ်၊

(ခခ) ပုဒ်မ ၉၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ခန့်အပ်သည့် အုပ်ချုပ်သူတစ်ဦး၊

(၃) ဤဥပဒေအရ ဘဏ်က ပေးချေရမည့် ငွေရေးကြေးရေး ပြစ်ဒဏ်တစ်ရပ်ရပ်။

(ခ) ဤပုဒ်မအရ ပြန်လည်ရရှိမည့် ဒဏ်ကြေးငွေတစ်ရပ်ရပ်ကို ပြန်လည်ရရှိရန် ဆောင်ရွက်မှုသည် ထိုသို့ ဆောင်ရွက်သည့်နေ့မှ ခြောက်နှစ်ထက် မကျော်လွန်စေရ။

### ဘဏ်ပိတ်ရက်များ ကြေညာခြင်း

၁၄၆။ (က) ဗဟိုဘဏ်သည် နေ့တစ်နေ့နေ့ သို့မဟုတ် နေ့များကို ဘဏ်ပိတ်ရက် သို့မဟုတ် ဘဏ်ပိတ်ရက်များအဖြစ် မည်သည့်အချိန်တွင်မဆို အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ကြေညာနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဘဏ်ပိတ်ရက်အဖြစ် ကြေညာထားသည့်နေ့တွင် ဗဟိုဘဏ်၏ ခွင့်ပြုချက်မရဘဲ နိုင်ငံတော်ရှိ မည်သည့်ဘဏ်မျှ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရ။

၁၄၇။ (က) ဗဟိုဘဏ်နှင့်စပ်လျဉ်း၍ တရားစွဲဆိုတင်သွင်းလာသော အမှုတစ်ခုခုကို စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးတစ်ခုခုသည် ဗဟိုဘဏ်ကသော်လည်းကောင်း သို့မဟုတ် ဗဟိုဘဏ်၏ကိုယ်စား ဆောင်ရွက်ရန် ဗဟိုဘဏ်က ခန့်အပ်ထားသော ပုဂ္ဂိုလ်တစ်ဦးဦး၊ ဗဟိုဘဏ်၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးကသော်လည်းကောင်း တရားရုံးရှေ့၌ ကြားနာရာ၌ အရေးယူဆောင်ရွက်မှုတစ်ခုနှင့် စပ်လျဉ်းသည့် အောက်ဖော်ပြပါတို့ကို သုံးသပ်ရမည် -

(၁) ဗဟိုဘဏ်သည် ၎င်း၏ဥပဒေအရ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်ခြင်း ရှိ မရှိ၊

(၂) ဗဟိုဘဏ်က ဆုံးဖြတ်ရာတွင် လိုက်နာကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့် ကွဲလွဲပြီး ဆောင်ရွက်ခြင်း ရှိ မရှိ၊

(၃) ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာ သို့မဟုတ် ထုတ်ပြန်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများသည် ဤဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ၊

(၄) ဗဟိုဘဏ်၏ဆုံးဖြတ်ချက်သည် ဤဥပဒေ သို့မဟုတ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့် သိသာထင်ရှားစွာ ဆန့်ကျင်ခြင်း ရှိ မရှိ။

(ခ) အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ဆိုစေကာမူ ဗဟိုဘဏ်၏ အရေးယူဆောင်ရွက်ချက်တစ်ရပ်ရပ်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တရားစွဲဆိုသည့် ကာလအတောအတွင်း ဆိုင်းငံ့ခြင်း သို့မဟုတ် ကန့်သတ်ခြင်းမရှိစေဘဲ ဆက်လက်၍ အကျိုးသက်ရောက်မှုရှိနေရမည် သို့တည်းမဟုတ် အယူခံပိုင်ခွင့်၊ ထပ်မံအယူခံပိုင်ခွင့် သို့တည်းမဟုတ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အခြားတရားစွဲဆိုဆောင်ရွက်မှု ရှိစေရမည်။

(ဂ) ဗဟိုဘဏ်ကပြုလုပ်သည့် အရေးယူဆောင်ရွက်မှုတစ်ခုခုအပေါ် တရားရုံးတစ်ရုံးရုံးက သက်သာခွင့် သို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်ပါက ငွေကြေးဖြင့်သာ ပေးလျော်စေရမည်။

(ဃ) ဗဟိုဘဏ်အပေါ်ဖြစ်စေ၊ ပုဒ်မခွဲ (က) တွင် ရည်ညွှန်းဖော်ပြသည့် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ဖြစ်စေ အရေးယူဆောင်ရွက်မှု သို့မဟုတ် တရားစွဲဆိုမှုတစ်ခုခုကို သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင်သာ စတင်စွဲဆိုရမည်။

**အချို့သောလွှဲပြောင်းခြင်းများအတွက် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်များ**

၁၄၈။ ဘဏ် သို့မဟုတ် ယင်းဘဏ်၏ လက်အောက်ခံကုမ္ပဏီတစ်ခုခု၏ အစုရှယ်ယာများနှင့် ရရန်ပိုင်ခွင့်များကို လွှဲပြောင်းခြင်းအတွက်သော်လည်းကောင်း၊ ပုဒ်မ ၁၀၇ အရ ဘဏ်၏ အစုရှယ်ယာများနှင့် ရရန်ပိုင်ခွင့်များကို ဗဟိုဘဏ်၏ ခွင့်ပြုချက်အရ ရောင်းချခြင်း သို့မဟုတ် ထုခွဲလွှဲပြောင်းခြင်းအတွက်သော်လည်းကောင်း တည်ဆဲတံဆိပ်ခေါင်းခွန် သို့မဟုတ် အခွန်ဥပဒေအရ ကင်းလွတ်ခွင့်ရရှိလိုပါက ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

## အခန်း (၂၂)
## အီလက်ထရောနစ် သက်သေခံချက်

**အီလက်ထရောနစ်စာတမ်းအမှတ်အသားများကို မှန်ကန်ကြောင်း သက်သေခံထင်ရှားစေခြင်း**

၁၄၉။ သက်သေခံအက်ဥပဒေ၌ မည်သို့ပင်ပြဋ္ဌာန်းချက်များ ပါရှိစေကာမူ အီလက်ထရောနစ်စာတမ်းအမှတ်အသားကို သက်သေခံချက်အဖြစ် တင်သွင်းလိုသူ မည်သူမဆို အီလက်ထရောနစ်စာတမ်းအမှတ်အသားသည် တွေ့ရှိချက်ကို အထောက်အကူပြုနိုင်သည့် သက်သေခံချက်ဖြင့် ယင်း၏မှန်ကန်မှုကို သက်သေပြရန် တာဝန်ရှိသည်။

**အီလက်ထရောနစ်စာတမ်းအမှတ်အသားများအတွက် သက်သေခံရမည့် နည်းလမ်းများ**

၁၅၀။ (က) အောက်ပါနည်းလမ်းတစ်ရပ်ရပ်နှင့် ညီညွတ်သော အီလက်ထရောနစ်စာတမ်းအမှတ်အသားကို အကောင်းဆုံး သက်သေခံချက်နည်းလမ်းအဖြစ် လက်ခံနိုင်သည် -

(၁) အီလက်ထရောနစ်စာတမ်းအမှတ်အသားတွင် မှတ်တမ်းတင်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်း ပြုထားသော အီလက်ထရောနစ်စာတမ်းအမှတ်အသားများစနစ်၏ ယုံကြည်စိတ်ချရမှုကို သက်သေပြသခြင်း၊

(၂) အခိုင်အမာ သက်သေထင်ရှား ပြသထားသည်ဟု မှတ်ယူခြင်း။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဆိုစေကာမူ ဆန့်ကျင်ကွဲလွဲသည့်သက်သေခံချက် မတင်ပြနိုင်သည့် ကိစ္စ၌ ပုံနှိပ်စက်မှထုတ်ပေးသောစာသည် မှတ်တမ်းတင်သည့် သို့မဟုတ် သိမ်းဆည်းသည့် သတင်းအချက်အလက် မှတ်တမ်းတစ်ခုအဖြစ် ထင်ရှားစွာ သို့မဟုတ် လိုက်လျောညီစွာ ပြုလုပ်ထားလျှင် ထိုသို့ထုတ်ပေးသော အီလက်ထရောနစ်စာတမ်းအမှတ်အသားစာသည် အကောင်းဆုံးသက်သေခံနည်းလမ်းအဖြစ် ကျေနပ်လက်ခံနိုင်သည်။

## အီလက်ထရောနစ်စာတမ်းအမှတ်အသား၏ မှန်ကန်မှုကို အသိအမှတ်ပြုခြင်း

၁၅၁။ ဆန့်ကျင်ကွဲလွဲ၍ သက်သေခံချက်မတင်ပြနိုင်သည့်ကိစ္စတွင် မှတ်တမ်းတင်ထားသည့် သို့မဟုတ် သိမ်းဆည်းထားသည့် အီလက်ထရောနစ်စာတမ်းအမှတ်အသားများစနစ်၏ မှန်ကန်မှုကို အောက်ပါ အထောက်အထားတစ်ရပ်ရပ်ဖြင့် သက်သေထင်ရှားပြနိုင်သည် -

(က) အီလက်ထရောနစ်စာတမ်းအမှတ်အသားစနစ်တွင် အသုံးပြုသည့် ကွန်ပျူတာစနစ် သို့မဟုတ် အခြားအလားတူပစ္စည်းကိရိယာတို့သည် စနစ်တကျလည်ပတ်နေကြောင်း သို့မဟုတ် ပုံမှန် လည်ပတ်ခြင်းမရှိသော်လည်း အီလက်ထရောနစ်စာတမ်းအမှတ်အသား၏ မှန်ကန်မှုကို ထိခိုက်မှု မရှိကြောင်းနှင့် သံသယရှိစေသည့် အထောက်အထားမရှိသည်ကို သက်သေထင်ရှားပြသခြင်း၊

(ခ) အီလက်ထရောနစ်စာတမ်းအမှတ်အသားကို တင်သွင်းလိုသောပုဂ္ဂိုလ်၏ အကျိုးစီးပွားနှင့် ဆန့်ကျင်သောပုဂ္ဂိုလ်က မှတ်တမ်းတင်ထားသည့် သို့မဟုတ် သိမ်းဆည်းထားသည့် အီလက် ထရောနစ် စာတမ်းအမှတ်အသားဖြစ်ခြင်း၊

(ဂ) အီလက်ထရောနစ်စာတမ်းအမှတ်အသားမှာ တင်သွင်းလိုသောပုဂ္ဂိုလ်၏ ကြီးကြပ်မှုအရ မှတ်တမ်းတင်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းမပြုဘဲ ပုဂ္ဂိုလ်တစ်ဦးက ၎င်း၏ ပုံမှန်နှင့် သာမန် လုပ်ငန်းတွင် မှတ်တမ်းတင်ထားသော သို့မဟုတ် သိမ်းဆည်းထားသော အီလက်ထရောနစ် စာတမ်းအမှတ်အသားဖြစ်ခြင်း။

## ထည့်သွင်းစဉ်းစားရမည့် စံနှုန်းများ

၁၅၂။ (က) တရားရုံးတစ်ရုံးသည် အီလက်ထရောနစ်စာတမ်းအမှတ်အသားကို သက်သေခံအဖြစ် လက်ခံနိုင် မခံနိုင်ဆိုသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဥပဒေ၏ နည်းဥပဒေတစ်ရပ်ရပ်အရ ဆုံးဖြတ်ရန် အလို့ငှာ သက်သေခံချက်ကို အီလက်ထရောနစ်စာတမ်းအမှတ်အသား၏ သဘောသဘာဝနှင့် ရည်ရွယ်ချက်၊ အီလက်ထရောနစ်စာတမ်းအမှတ်အသားကို အသုံးပြုသော သို့မဟုတ် မှတ်တမ်း တင်သော သို့မဟုတ် သိမ်းဆည်းသောလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကြိုးပမ်းအားထုတ်မှုပုံစံနှင့် ပတ်သက်မှုရှိခြင်း၊ အီလက်ထရောနစ်စာတမ်းအမှတ်အသားများကို မှတ်တမ်းတင်စေရန် သို့မဟုတ် သိမ်းဆည်းစေရန် နည်းလမ်းနှင့်သက်ဆိုင်သောစံနှုန်း၊ လုပ်ထုံးလုပ်နည်း၊ အလေ့အထ သို့မဟုတ် အလေ့အကျင့်တစ်ရပ်ရပ်ကို တင်ပြခြင်းဖြင့် သက်သေခံအဖြစ် လက်ခံနိုင်သည်။

(ခ) အီလက်ထရောနစ်စာတမ်းအမှတ်အသားဖြင့် ဖော်ပြသော သတင်းအချက်အလက်တွင် ကိန်းဂဏန်းအချက်အလက်များ၊ စာသားများ၊ အသံများ၊ သင်္ကေတများ၊ ကွန်ပျူတာ အစီအစဉ်များ၊ ကွန်ပျူတာညွှန်ကြားချက်များ သို့မဟုတ် ကွန်ပျူတာထဲတွင် အသင့်သုံးနိုင်ရန် ထည့်ထားသော အချက်အလက်များ ပါဝင်သည်။

## အခန်း (၂၃)
## တောင်းခံခြင်းမရှိသော ငွေကြေးများ သို့မဟုတ် စာရင်းသေများဆိုင်ရာ အချက်အလက်များ

၁၅၃။ (က) ဘဏ်သည် ဘဏ္ဍာရေးနှစ်အသီးသီး၏ ပထမလအတွင်း ဗဟိုဘဏ်သို့ ၎င်းထံတွင် ခုနစ်နှစ်ကျော်ကြာသည်အထိ လာရောက်မထုတ်ယူသော တောင်းခံခြင်းမရှိသေးသည့် စာရင်းဆိုင်ရာအချက်အလက်များကို တင်ပြရမည်။

(ခ) ဗဟိုဘဏ်က လိုအပ်သည်ဟု ယူဆလျှင် ပိုင်ရှင်က ထုတ်ယူခြင်းမရှိသောငွေများနှင့် စာရင်းသေများအတွက် လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည်။

## အခန်း (၂၄)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၅၄။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ၊ အစုရှယ်ယာပိုင်ရှင်များ၊ စီမံခန့်ခွဲသူများ၊ မန်နေဂျာများ၊ ဝန်ထမ်းများက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ပါက အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကန့်သတ်ချက် အပါအဝင်ဖြစ်သည့် အမိန့်များ ချမှတ်ခြင်း၊

(ဃ) ငွေရေးကြေးရေးအဖွဲ့အစည်းအတွင်း တာဝန်ထမ်းဆောင်ခြင်းမှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း။

၁၅၅။ (က) ပုဒ်မ ၁၅၄ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခံရသူသည် ပြစ်ဒဏ်ချမှတ်ခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုအပေါ် ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၁၅၆။ ဤဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

၁၅၇။ ပုဒ်မ ၁၅၄ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် နစ်နာသော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို နစ်နာမှုအတွက် ငွေကြေးကို ချက်ချင်းပေးလျော်ရမည်။

## အခန်း (၂၅)
## တားမြစ်ချက်များ

၁၅၈။ မည်သူမျှ လိုင်စင်မရှိဘဲ ဘဏ်အဖြစ် ထူထောင်လုပ်ကိုင်ခြင်းမပြုရ။

၁၅၉။ မည်သူမျှ ဗဟိုဘဏ်မှ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် ထူထောင်လုပ်ကိုင်ခြင်းမပြုရ။

၁၆၀။ မည်သူမျှ လိုင်စင်ရရှိရန် ဗဟိုဘဏ်သို့ လျှောက်ထားတင်ပြရာတွင် အချက်အလက်တစ်ခုခုကို လိမ်လည်ဖော်ပြ လျှောက်ထားခြင်းမပြုရ။

၁၆၁။ အောက်ပါအဖွဲ့အစည်းများမှအပ မည်သူမျှ လိုင်စင် သို့မဟုတ် ဗဟိုဘဏ်က စာဖြင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မိမိလုပ်ငန်းအမည်တွင် ဘဏ်၊ ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်၊ ဘဏ်လုပ်ငန်းရှင် သို့မဟုတ် ဘဏ်လုပ်ငန်းဆိုသည့် စာသားများကို အသုံးမပြုရ -

(က) ဘဏ်၏ အသင်းအဖွဲ့တစ်ရပ်ရပ်၊

(ခ) ဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ ယင်းအသုံးအနှုန်း အခြေကျနေသော အသင်းအဖွဲ့၊

(ဂ) နိုင်ငံခြားဘဏ်၏ ကိုယ်စားလှယ် သို့မဟုတ် ရုံး၊

(ဃ) ဘဏ်လုပ်ငန်းလုပ်ကိုင်သော အစိုးရကိုယ်စားလုပ်ကိုင်သည့် အဖွဲ့အစည်း၊

(င) ဗဟိုဘဏ်က အများပြည်သူသိရှိနိုင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာ၍ ကင်းလွတ်ခွင့်ပေးသော ပုဂ္ဂိုလ်တစ်ဦးဦး။

၁၆၂။ မည်သည့်နိုင်ငံခြား ငွေရေးကြေးရေးအဖွဲ့အစည်းမျှ ဗဟိုဘဏ်ကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ ကိုယ်စားလှယ်ရုံး ဖွင့်လှစ်တည်ထောင်ခြင်းမပြုရ။

၁၆၃။ မည်သူမျှ လိုင်စင်မရှိဘဲ အပ်နှံငွေလက်ခံသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၆၄။ မည်သူမျှ ဗဟိုဘဏ်က ထုတ်ပေးသော မှတ်ပုံတင်လက်မှတ် သို့မဟုတ် စာဖြင့် ကြိုတင်ခွင့်ပြုချက်မရှိဘဲ ငွေရေးကြေးရေးကုမ္ပဏီလုပ်ငန်း၊ အငှားချထားသည့်လုပ်ငန်း၊ ကြွေးမြီများ ဝယ်ယူကောက်ခံသည့်လုပ်ငန်း၊ ချေးငွေတိုကင်လုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း စသည့် စကားရပ်ကိုလည်းကောင်း၊ ထိုသို့သဘောသက်ရောက်သည့် ဖော်ပြချက်တစ်ခုခုကိုလည်းကောင်း အသုံးမပြုရ။

၁၆၅။ မည်သည့်ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မျှ ဗဟိုဘဏ်၏ စာဖြင့် ကြိုတင်ခွင့်ပြုချက်မရှိဘဲ ပြည်တွင်း သို့မဟုတ် ပြည်ပရှိ ပုဂ္ဂိုလ်တစ်ဦးဦးထံမှ အပ်နှံငွေရရှိရန် ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ သဘောတူစာချုပ် ချုပ်ဆိုခြင်း သို့မဟုတ် သဘောတူစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းခြင်းမပြုရ။

၁၆၆။ မည်သည့်ငွေရေးကြေးရေးအဖွဲ့အစည်းမျှ မိမိလုပ်ငန်းနှင့်စပ်လျဉ်း၍ လိမ်လည်ဖော်ပြခြင်း၊ လိမ်လည်ကြော်ငြာခြင်း မပြုရ။

၁၆၇။ လိုင်စင်ရရှိသူသည် မိမိ၏လိုင်စင်ကို အခြားသူအား လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုရ။

၁၆၈။ လိုင်စင်ရရှိသူသည် ဗဟိုဘဏ်၏ စာဖြင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) မိမိဘဏ်လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

(ခ) အခြားဘဏ်၏ လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဝယ်ယူခြင်း၊

(ဂ) အခြားဘဏ်တစ်ခုခုနှင့် ပူးပေါင်းခြင်း၊

(ဃ) နိုင်ငံခြားဘဏ်က မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဝယ်ယူခြင်း၊

(င) နိုင်ငံခြားဘဏ်က မြန်မာနိုင်ငံရှိ ၎င်း၏ဘဏ်လုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရောင်းချခြင်း။

၁၆၉။ မည်သည့် အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင် ထုတ်ဝေသူမဆို ဤဥပဒေ၏ ပြဋ္ဌာန်းချက်ကိုသော်လည်းကောင်း၊ ဤဥပဒေပုဒ်မတစ်ခုခုအရ ထုတ်ပြန်သည့် စည်းမျဉ်းများကိုသော်လည်းကောင်း ချိုးဖောက်ခြင်းမပြုရ။

၁၇၀။ မည်သည့် ပုဂ္ဂလိကချေးငွေ သတင်းအချက်အလက်ဌာနမျှ ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှု ရယူသူ စည်းမျဉ်းများကို ချိုးဖောက်ခြင်းသော်လည်းကောင်း၊ ချေးငွေဆိုင်ရာသတင်းအချက်အလက် အစီရင်ခံသည့်စနစ်အရ လိုအပ်သော ချေးငွေသတင်းအချက်အလက် အမှန်များကို ပေးရန်ပျက်ကွက်ခြင်းသော်လည်းကောင်း မပြုရ။

## အခန်း (၂၆)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၇၁။ မည်သူမဆို ပုဒ်မ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၂၊ ၁၆၃၊ ၁၆၇ နှင့် ၁၆၈ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားပေါ်ပေါက်လျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ်နှစ်နှစ်မှ ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၅၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်ခြင်းခံရမည်။

၁၇၂။ မည်သူမဆို ပုဒ်မ ၁၆၁၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၉ နှင့် ၁၇၀ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားပေါ်ပေါက်လျှင် ထိုသူအား နှစ်နှစ်ထက်မပိုသောထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်သိန်း ၁၀၀ ငွေဒဏ်လည်း ချမှတ်ခြင်းခံရမည်။

၁၇၃။ (က) ဗဟိုဘဏ်ဥက္ကဋ္ဌသည် အစိုးရရှေ့နေ၏ စာဖြင့်ရေးသားသော သဘောတူညီချက်ဖြင့် ဤဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သော စည်းမျဉ်းအရ ပြစ်မှုတစ်စုံတစ်ရာကို လူပုဂ္ဂိုလ်တစ်ဦးဦးက ကျူးလွန်ခဲ့သည်ဟု အကြောင်းအားလျော်စွာ သံသယရှိသူက ပြစ်မှုကို ဆက်လက်ကျူးလွန်သည့်ကိစ္စတွင် နေ့စဉ်ပေးရမည့် ဒဏ်ငွေရှိလျှင် ယင်းဒဏ်ငွေ အပါအဝင် ဒဏ်ငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းထက် မပိုသောပမာဏကို လက်ခံခြင်းဖြင့် သတ်မှတ်ထားသောအချိန်အတွင်း အမှုများကို ကျေအေးရန် ကမ်းလှမ်းနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကမ်းလှမ်းချက်တစ်ရပ်ရပ်ကို ပြစ်မှုကျူးလွန်ပြီးနောက် မည်သည့်အချိန်တွင်မဆို ပြုလုပ်နိုင်သည့်အပြင် ကမ်းလှမ်းချက်တွင် သတ်မှတ်သည့်အချိန်အတွင်း သို့မဟုတ် ဗဟိုဘဏ်ဥက္ကဋ္ဌက တိုးမြှင့်ပေးသည့်အချိန်အတွင်း ကမ်းလှမ်းချက်ပါငွေပမာဏကို မပေးသည့်အခါ ပြစ်မှုအတွက် တရားစွဲဆိုမှုကို အချိန်မရွေးပြုလုပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ငွေပမာဏတစ်ရပ်ကို လက်ခံရရှိသည့်အခါ အမှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုဆောင်ရွက်ခြင်း မပြုစေရ။

(ဃ) ဤပုဒ်မပါ မည်သည့်အချက်ကမျှ ထပ်မံကျူးလွန်သော ပြစ်မှုတစ်စုံတစ်ရာကို ကျေအေးရန် အခွင့်အာဏာ မဖြစ်စေရ။

(င) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုဘဏ်သို့ ပေးရသည့် ဒဏ်ကြေးတစ်စုံတစ်ရာကို တစ်စုတစ်ပေါင်းတည်း ပေးသွင်းရမည်။

၁၇၄။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း (၂၇)
## အထွေထွေ

၁၇၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် အထူးကုမ္ပဏီအက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရသာ လိုက်နာဆောင်ရွက်ရမည်။

၁၇၆။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့်ဥပဒေအရ လိုင်စင်ထုတ်ပေးခဲ့သောဘဏ်သည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှ ခြောက်လအတွင်း ယင်း၏ဘဏ်လိုင်စင်ကို ဗဟိုဘဏ်သို့ ပြန်လည်အပ်နှံရမည်။ ဗဟိုဘဏ်သည် လိုင်စင်ပြန်လည်အပ်နှံသောဘဏ်များသို့ ဤဥပဒေပုဒ်မ ၁၁ အရ လိုင်စင်အသစ်ကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးရမည်။

၁၇၇။ ဤဥပဒေ အာဏာသက်ရောက်သည့်နေ့တွင် ဘဏ်သည် အစုရှယ်ယာဝင်များ၏ စာရင်းတစ်ရပ်နှင့် အရေးပါသော ပိုင်ဆိုင်မှုတစ်ရပ်ကို ပိုင်ဆိုင်သူအသီးသီးအတွက် အကျိုးခံစားခွင့်ရှိသူနှင့် ယင်းတို့၏ ပိုင်ရှင်များဆိုင်ရာ အခြားသောသတင်းအချက်အလက်၊ အသေးစိတ်အနေဖြင့် ဗဟိုဘဏ်၏ တောင်းဆိုမှုအတိုင်း ဤဥပဒေအာဏာသက်ရောက်သောနေ့မှ တစ်နှစ်အတွင်း ဗဟိုဘဏ်သို့ ပေးပို့ရမည်။

၁၇၈။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့်ဥပဒေအရ ဗဟိုဘဏ်၏ ဆောင်ရွက်ချက်အားလုံးသည် ဤဥပဒေနှင့် မဆန့်ကျင်ပါက ဗဟိုဘဏ်မှ အတိအလင်း ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းမပြုလျှင် ဆက်လက်အတည်ဖြစ်သည်။

၁၇၉။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့်ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၈၀။ လိုင်စင်သဘောတူညီချက် သို့မဟုတ် ခွင့်ပြုချက်တစ်ရပ်အတွက်ဖြစ်စေ၊ အခြားမည်သည့်ကိစ္စအတွက်ဖြစ်စေ လျှောက်ထားချက်တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ဤဥပဒေဖြင့် ရုပ်သိမ်းသည့်ဥပဒေအရ ဗဟိုဘဏ်သို့ တင်သွင်းသည့် အယူခံတစ်ရပ်ရပ်နှင့် အကျိုးသက်ဆိုင်သည့်နေ့မတိုင်မီ အနီးကပ်ဆုံးဖြစ်သော ဆောင်ရွက်ဆဲကိစ္စရပ်များသည် ဤဥပဒေနှင့် လိုက်လျောညီထွေဖြစ်သည့် ပြဋ္ဌာန်းချက်ဖြစ်လျှင် ယင်းပြဋ္ဌာန်းချက်အရ ပြုလုပ်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ ဤဥပဒေနှင့်ဆန့်ကျင်ပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် ယင်းကိစ္စရပ်များအားလုံး ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

၁၈၁။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့်ဥပဒေအရ လိုင်စင်ရသူတစ်ဦးက ၎င်းဥပဒေနှင့်အညီ ဘဏ်စာရင်းဖွင့်ထားသူတစ်ဦးဦး သို့မဟုတ် အခြားဆက်သွယ်ဆောင်ရွက်သူ၊ မြီစား၊ မြီရှင် သို့မဟုတ် အခြားသူတို့နှင့် ဥပဒေအရ ချုပ်ဆိုခဲ့သော အရောင်းအဝယ်စာချုပ်များ၊ ဆက်သွယ်ရောင်းဝယ်မှုများအားလုံးနှင့် ဥပဒေအရ ပြုလုပ်ခဲ့သော စီးပွားရေးလုပ်ငန်းများအားလုံးကို ဤဥပဒေနှင့်အညီ တရားဝင်ပြုလုပ် ချုပ်ဆိုခဲ့သည်ဟု မှတ်ယူရမည့်အပြင် အလားတူအကျိုးသက်ရောက်သည့်နေ့မတိုင်မီ အနီးကပ်ဆုံး တည်ဆဲဖြစ်သည့် အဆိုပါရောင်းဝယ်မှုများနှင့် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်အရ အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှု တစ်ခုခုကိုလည်း ဤဥပဒေအရ ဆက်လက်တရားဝင်အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၈၂။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၈၃။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဤဥပဒေအရ ပေးအပ်သောတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သူကို ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း အရေးယူခြင်းမပြုရ။

(ခ) ဗဟိုဘဏ်၏ တာဝန်ပေးချက်အရ ဆောင်ရွက်သူတစ်ဦးသည် တရားစွဲဆိုခံရပါက ယင်းသို့တရားစွဲဆိုခံရခြင်းအတွက် ခုခံချေပရန် ကုန်ကျစရိတ်များကို ဗဟိုဘဏ်က ကျခံရမည်။

၁၈၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုဘဏ်သည် လိုအပ်သော စည်းမျဉ်းနှင့်စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၈၅။ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၆/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

**၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ**
**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြု လက်မှတ်ရေးထိုးသော **၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂။)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေ အခန်း (၅) ပါ အထူးကုန်စည်ခွန်၊ အခန်း (၆) ပါ ကုန်သွယ်လုပ်ငန်းခွန်နှင့် စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေ အခန်း (၇) ပါ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍-

(၁) ဤဥပဒေ ပုဒ်မ ၁၉ ပါ လစာမှ ဝင်ငွေနှင့် ပုဒ်မ ၂၄ တို့ပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(၂) ကျန်ပြဋ္ဌာန်းချက်များသည် ၂၀၁၆-၂၀၁၇ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်အကောက်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်ကို ဆိုသည်။

(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို ဆိုသည်။

(င) **အခွန်နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

## အခန်း (၂)
## ကောက်ခံရန်အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ဖြစ်သည်။

## အခန်း (၃)
## အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့်အစီရင်ခံခြင်း

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၄)
## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံ စီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊

ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

## အခန်း (၅)
## အထူးကုန်စည်ခွန်

၁၁။ အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

### အထူးကုန်စည်များ

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသောရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုး နှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းအရ အခွန်ကျသင့်စေရမည် -

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက်ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ကျပ် ၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၃ ကျပ် |
| | ( ခ ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၄၀၁ ကျပ်မှ ကျပ် ၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၈ ကျပ် |
| | ( ဂ ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၆၀၁ ကျပ်မှ ကျပ် ၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၂ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၅ ကျပ် |
| | ( င ) စီးကရက်အမျိုးမျိုး(ပြည်ပမှတင်သွင်းခြင်းဖြစ်လျှင်) | ကုန်းပေါ်ရောက်တန်ဖိုး၏ | ၁၂၀ % |
| ၂။ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃။ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | ၆၀ % |

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက်ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၄။ | ဆေးပေါ့လိပ်။ | | ၆၀ % |
| ၅။ | ဆေးပြင်းလိပ်။ | | ၆၀ % |
| ၆။ | ဆေးတံသောက်ဆေးများ။ | | ၆၀ % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၆၀ % |
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၅၀၀ အထိဖြစ်လျှင် | တစ်လီတာ ၅၆ ကျပ် |
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၅၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၉ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၁ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၄ ကျပ် |
| | (င) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၀၆ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၅၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၁၉ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၀၀၁ မှ ကျပ်မှ ကျပ် ၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၁ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၅၀၁ ကျပ်မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၄၄ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၁၃ ကျပ် |
| | (ည) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၃၈ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၈၈ ကျပ် |

| စဉ် | အထူးကုန်စည်အမျိုးအစား | စျေးကွက်ပေါက်စျေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | ( ဍ ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၉၁၃ ကျပ် |
| | ( ပ ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၃၈ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်မှ ကျပ် ၂၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၃၇၅ ကျပ် |
| | (တ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၀၀၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀% |
| | (ထ) အရက်အမျိုးမျိုး (ပြည်ပမှတင်သွင်းခြင်းဖြစ်လျှင်) | ကုန်းပေါ်ရောက်တန်ဖိုး၏ | ၆၀% |
| ၉။ | ဘီယာအမျိုးမျိုး။ | | ၆၀% |
| ၁၀။ | (က) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၅၀၀ အထိဖြစ်လျှင် | တစ်လီတာကျပ် ၅၀ |
| | ( ခ ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၅၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၁၅၀ |
| | ( ဂ ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၂၅၀ |
| | (ဃ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၃၅၀ |
| | ( င ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၄၅၀ |
| | ( စ ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၅၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၅၅၀ |
| | (ဆ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၆၅၀ |
| | ( ဇ ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၅၀၁ ကျပ်မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၇၅၀ |
| | (ဈ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၉၀၀ |

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက်ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ည) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၁၁၀၀ |
| | (ဋ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၁၃၀၀ |
| | (ဌ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၁၅၀၀ |
| | (ဍ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ်မှ ကျပ် ၉၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၁၇၀၀ |
| | (ဎ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၁၉၀၀ |
| | (ဏ)ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်မှ ကျပ် ၂၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာကျပ် ၃၀၀၀ |
| | (တ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၀၀၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀% |
| | (ထ) ဝိုင်အမျိုးမျိုး (ပြည်ပမှတင်သွင်းခြင်းဖြစ်လျှင်) | ကုန်းပေါ်ရောက်တန်ဖိုး၏ | ၅၀% |
| ၁၁။ | ကျွန်းနှင့်သစ်မာသစ်လုံးများ၊ တစ်ဆယ်လက်မ ပတ်လည်နှင့် အထက်ကျွန်းနှင့်သစ်မာသစ်ခွဲသားများ။ | | ၂၅% |
| ၁၂။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | | ၂၀% |
| ၁၃။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန်ကျောက်မျက်ရတနာအချောထည်များနှင့် လက်ဝတ်ရတနာများ။ | | ၅% |
| ၁၄။ | Double Cab 4 Door Pickup မှအပ ၁၈၀၀ CC အထက်ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe)ကားများ။ | | ၂၅% |
| ၁၅။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅% |
| ၁၆။ | သဘာဝဓာတ်ငွေ့။ | | ၈% |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့ခြင်းအတွက် ရောင်းရငွေအပေါ် သုညရာခိုင်နှုန်းဖြင့် အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကိုဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| **စဉ်** | **ကုန်စည်အမျိုးအစား** | **အခွန်နှုန်း** |
|---|---|---|
| (၁) | သဘာဝဓာတ်ငွေ့။ | ၈% |
| (၂) | ကျွန်းနှင့် သစ်မာသစ်လုံးများ၊ တစ်ဆယ်လက်မပတ်လည်နှင့်အထက် ကျွန်းနှင့် သစ်မာသစ်ခွဲသားများ။ | ၅၀% |
| (၃) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၂၀% |
| (၄) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။ | ၅% |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်းကျပ်သိန်း ၂၀၀ တိတိထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါ အတိုင်း ပြဋ္ဌာန်းလိုက်သည် -

### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| **စဉ်** | **ကုန်စည်အမျိုးအမည်** |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံစေ့၊ ဂျုံမှုန့်အနု၊ အကြမ်း၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ ပြောင်းမှုန့်များ၊ အခြားနှံစားသီးနှံမှုန့်များ။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ ပန်းနှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ပီလောပီနံဥ၊ ပီလောပီနံမှုန့်။ |
| ၁၄ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | အခြားနေရာတွင်သီးခြားဖော်ပြထားခြင်းမရှိသည့် သင်၊ သက်ငယ်၊ သပေ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ ဝဥ၊ သနပ်ခါးစသော လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ။ |
| ၂၁ | ထင်း၊ ဝါး။ |
| ၂၂ | သက်ရှိ တိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ |
| ၂၃ | ပိုးအိမ်။ |
| ၂၄ | ကြိမ် အကြမ်းအချော။ |
| ၂၅ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၆ | ချိပ်များ။ |
| ၂၇ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၂၈ | ဆပ်ပြာမှုန့်ပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၂၉ | အရောင်ချွတ်ဖတ်။ |
| ၃၀ | အုန်းဆံခြည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ |
| ၃၁ | လက်ဖက်စို၊ လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၃၂ | တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၃၃ | ချိပ်ပြားနှင့်တံဆိပ်နှိပ်ချိပ်များ။ |
| ၃၄ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၅ | ငံပြာရည်အမျိုးမျိုး။ |
| ၃၆ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ ပဲပုပ်ဆီနှင့် ဆီအခဲများ။ |
| ၃၇ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၈ | ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး။ |
| ၃၉ | ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး။ |
| ၄၀ | ပုစွန်ဖွဲ့၊ ငါးပေါင်းမှုန့်။ |
| ၄၁ | ငါး/ပုစွန် စသည့်ရေထွက်ပစ္စည်းများကို အခြေခံထုတ်လုပ်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ။ |
| ၄၂ | နို့၊ နို့မှုန့်အမျိုးမျိုး။ |
| ၄၃ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၄ | နနွင်း၊ နနွင်းမှုန့်။ |

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၄၅ | ချင်း။ |
| ၄၆ | ငါးပိအမျိုးမျိုး။ |
| ၄၇ | မန်ကျည်းမှည့်။ |
| ၄၈ | နိုင်ငံတော်အလံ။ |
| ၄၉ | စိပ်ပုတီးအမျိုးမျိုး။ |
| ၅၀ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၅၁ | ထင်းအစားထိုး လောင်စာတောင့်။ |
| ၅၂ | အုန်းဆီ (စားအုန်းဆီမဟုတ်)။ |
| ၅၃ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၅၄ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၅ | ဘာသာရေးဆိုင်ရာ အဝတ်အထည် (သင်္ကန်းစသည်တို့)။ |
| ၅၆ | ရေနံချေး။ |
| ၅၇ | ဆားအမျိုးမျိုး။ |
| ၅၈ | ကြက်ပေါင်စေး။ |
| ၅၉ | ကွမ်းသီး။ |
| ၆၀ | ဓာတ်မြေသြဇာ။ |
| ၆၁ | ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး။ |
| ၆၂ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးစက်နှင့်စက်အပိုပစ္စည်းများ။ |
| ၆၃ | တိရစ္ဆာန်၊ငါး၊ ပုစွန်အစာကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ။ |
| ၆၄ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများ။ |
| ၆၅ | မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။ |
| ၆၆ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာ ကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၇ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာတန်ဆာပလာများနှင့် အခြားဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာတန်ဆာပလာများ (ဆိုင်ရာဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် ပစ္စည်းများအတွက်သာ)။ |
| ၆၈ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံးအဝတ်အစားနှင့် ဆေးရုံသုံး အထွေထွေပစ္စည်းများ (ဆိုင်ရာဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် ပစ္စည်းများအတွက်သာ)။ |
| ၆၉ | အိမ်သုံးဆေးဝါးနှင့်အခြားလူသုံးဆေးဝါးအမျိုးမျိုး (ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ)။ |
| ၇၀ | ဆေးဝါးကုန်ကြမ်းများ။ |
| ၇၁ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင်အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြုစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၇၂ | ခဲတံလုပ်ရန်ခဲဆံ။ |
| ၇၃ | ကွန်ဒုံး (Condom)။ |
| ၇၄ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံးလက်နက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ၊ ပစ္စည်းနှင့် ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၇၅ | နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |
| ၇၆ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၇ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၇၈ | ပြည်ပသို့ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် နိုင်ငံခြားငွေဖြင့်ရောင်းချသည့် ပစ္စည်းများ။ |
| ၇၉ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမှုနှင့်အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့်ကုန်စည်များ။ |
| ၈၀ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှ ကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |
| ၈၁ | လက်ခစား အပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေ လုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ။ |
| ၈၂ | စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၈၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသော ကုန်စည်များ။ |
| ၈၄ | ပြည်ပသို့ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၈၅ | လေယာဉ် သို့မဟုတ် ရဟတ်ယာဉ်သုံး စက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၈၆ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |

( ခ ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်း ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေပေါ်တွင် လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

( ဂ ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့်ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှ တစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်း အတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | စီးပွားရေးလုပ်ငန်းအဖြစ် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းမှအပဖြစ်သည့် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ယာဉ်များရပ်နားရန် နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ပညာရေး ဝန်ဆောင်မှုလုပ်ငန်း။ |

| **စဉ်** | **ဝန်ဆောင်မှုအမျိုးအစားများ** |
|---|---|
| ၇ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ စက်ယန္တရားများဖြင့် သယ်ပို့ပေးခြင်း)။ |
| ၈ | အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၄ | နာရေး ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၅ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | မြန်မာ့ရိုးရာ အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း/မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | လမ်းအသုံးပြုခ ကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ပြည်ပလေကြောင်း ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော)။ |
| ၂၄ | နိုင်ငံတော် အဖွဲ့အစည်းများသို့ ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၂၅ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၇ | ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့် ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့် ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၈ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

( င ) ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

( စ ) ပြည်တွင်းလေကြောင်းခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုများမှ ခရီးသည်ပို့ဆောင်ခ ရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဆ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အအုံ

ဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများပါတာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကို ခံစားခွင့်ရှိစေရမည်။

၁၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(က) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့်ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

(ခ) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

(ဂ) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ် ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှု လုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ် နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့် စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့် ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ယူဆောင်သွားသည့် ကုန်စည်များနှင့်မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၈။ ဤဥပဒေ၏ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူ ဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။ သို့ရာတွင် လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်း၊ စီးပွားရေး လုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်

ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည် -

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (၁) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (၂) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (၃) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (၄) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (၅) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (၆) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ခ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှ ရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်း မပြုရ။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(ဂ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းကုမ္ပဏီက ရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၂။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ နုတ်ပယ်ခြင်း မပြုရ၊ ယင်း၏ စုစုပေါင်းဝင်ငွေအပေါ်-

(က) လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။

(ခ) လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေဖြစ်ပါက ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ -

| စဉ် | ဝင်ငွေ (ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁ - ၃၀၀,၀၀,၀၀၀ | ၁၅ % |
| (ခ) | ၃၀၀,၀၀,၀၀၁ - ၁၀၀၀,၀၀,၀၀၀ | ၂၀ % |
| (ဂ) | ၁၀၀၀,၀၀,၀၀၁ နှင့်အထက် | ၃၀ % |

၂၅။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့်-

(က) အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၆။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၆-က အရ သက်သာခွင့်များ မနုတ်မီ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀% |
| (၂) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၁) မှ (၁၅၀,၀၀၀) အထိ | ၄၅% |
| (၃) ညီမျှကျပ် သန်းပေါင်း (၁၅၀,၀၀၁) နှင့်အထက် | ၅၀% |

( ခ ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေ အပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စား လုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်အတွင်း ဝင်ငွေကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက်ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန် စည်းကြပ်ရမည်။

၃၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစား တစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၃၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) တွင် အတူနေမိဘအတွက် ခွင့်ပြုငွေကို ဖြည့်စွက်လျက် အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ရမည် -

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

( ခ ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

( ဂ ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၃၂။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ရရှိသည့် ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၃။ အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည် -

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ် ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

( ခ ) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ် ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

( ဂ ) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(ဃ) ပြည်ပနေ နိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊

( င ) နိုင်ငံ့ဝန်ထမ်းအငြိမ်းစားယူသည့်အခါ ရရှိသည့် ပင်စင်နှင့် ကရုဏာကြေး၊

( စ ) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ။

၃၄။ ဤဥပဒေအခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၈)
## အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ

၃၅။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ခများ၊

(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) တံဆိပ်ခေါင်းခွန်၊

(စ) မုတ်ကောင်ဝတ်ဆံသွင်းအခွန်၊

(ဆ) အကောက်ခွန်၊

(ဇ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဈ) ရေခွန်၊

(ည) တာတမံခွန်၊

(ဋ) သစ်တောများမှပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

(ဌ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(ဍ) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊

(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

(ဒ) ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး။

၃၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်းလုပ်ငန်းတို့သည် -

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင် -

(၁) ဤဥပဒေပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ထမ်းဆောင်ရမည်။

(၂) ဤဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) အရ ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်။

(၃) ပုဒ်မခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင်အမြတ် ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

## အခန်း (၉)
## အထွေထွေ

၃၇။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည် -

(က) ကုန်စည်များတင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးနှင့် အာဆီယံကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာစေရေးအတွက် ပြည်သူများသို့ အခွန်ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

၄၀။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ တစ်ဆယ်ရာခိုင်နှုန်းအား သတင်းပေးတင်ပြသူကိုလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းအား ရှာဖွေဖမ်းဆီးသည့်အဖွဲ့အားလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းမပြုရ။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဇယား (၁)

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံ ဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂,၄၈၆,၉၃၉. ၈၄၇** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၄၀. ၃၁၁ |
| | ၂ | ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၁,၆၂၉,၉၂၉. ၇၄၅ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ခများ၊ | ၅,၇၆၂. ၀၀၀ |
| | ၄ | ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊ | ၃၀,၀၀၀. ၀၀၀ |
| | ၅ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင် ဆိုင်ရာ အခငွေများ၊ | ၁၈၁,၄၇၀. ၀၀၀ |
| | ၆ | ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၃၇,၇၁၀. ၀၀၀ |
| | ၇ | သတ္တုတွင်းဝန်ကြီးဌာန | မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | ၄၆၀. ၀၀၀ |
| | ၈ | ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့်တည်းခိုရိပ်သာ လိုင်စင်/ခရီးသွားလာသူများပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၆၆၇. ၇၉၁ |
| | ၉ | ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၆၀၀,၀၀၀. ၀၀၀ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **၂,၃၇၀,၄၃၄. ၆၄၅** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂,၃၇၀,၄၃၄. ၆၄၅ |
| ၃ | | | **အကောက်ခွန်** | **၄၇၅,၀၀၀. ၀၀၀** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၄၇၅,၀၀၀. ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၈၈၇,၃၈၄. ၃၃၆** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၁. ၄၈၅ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၁၃. ၇၂၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀. ၀၂၅ |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၂,၈၈၆. ၂၆၅ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ) | ၃. ၈၅၅ |
| | ၆ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၁,၃၀၃. ၈၀၀ |
| | ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၇၁၀,၆၁၃. ၇၁၄ |
| | ၈ | သတ္တုတွင်းဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၁၉,၅၄၀. ၀၀၀ |
| | ၉ | ဆက်သွယ်ရေးနှင့် သတင်းအချက် အလက် နည်းပညာဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၁၄၂,၅၉၅. ၁၄၉ |
| | ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့် အတွက် အခမဲ့ရရှိသည့် ဓာတ်အား၊ | ၁၀,၄၂၆. ၃၂၀ |
| | | | **စုစုပေါင်း** | **၆,၂၁၉,၇၅၈. ၈၂၈** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

**မြန်မာ့ကျောက်မျက်ရတနာဥပဒေကို**
**ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြု လက်မှတ်ရေးထိုးသော **မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃။)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) **ကျောက်မျက်ရတနာ**ဆိုသည်မှာ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်၊ ပန်းညို့၊ ပြောင်ခေါင်းစိမ်း၊ သုံးပန်လှမျိုးကျောက်၊ ဖရဲအူ၊ ရွှေတွင်းဝါ၊ မြမျိုးကျောက်၊ ဂေါ်မိတ်၊ ထပ်တစ်ရာ၊ သလင်းတူကျောက်၊ ဥဒေါင်း၊ မျော၊ အညှံ့နီလာ၊ နဂါးသွဲ့၊ ကြံဆစ်ရေကျောက်၊ ပါလဒုတ္တာ၊ မြတူကျောက်၊ ပယင်း၊ ပုလဲပြာ၊ နက်ဖရိုက်၊ မှော်စစ်စစ်၊ ထိုကုံး၊ ပလွမ်၊ ထပ်ကျောက်၊ ထပ်ကွာစိမ်း၊ မိုးညှင်းနီလာ၊ ရေဂေါ်မိတ်၊ သန္တာ၊ ပိန်းနိုက်၊ သူရောင်၊ ဆာပင်တင်း၊ ငုပဆစ်၊ ဆိုဒါလိုက် သို့မဟုတ် အမ်ဖီဗိုးအုပ်စုဝင်ကျောက်များကို ဆိုသည်။ ယင်းစကားရပ်တွင် ရတနာတန်းဝင် ရောင်စုံကျောက်များ၊ သလင်းအုပ်စု၌ပါဝင်သော ရတနာတန်းဝင်ကျောက်များနှင့် သတ္တုတွင်းဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကျောက်မျက်ရတနာဟု သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။"

(ခ) ပုဒ်မခွဲ (ခ) ၏ အောက်တွင် ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) **ကျောက်မျက်ရတနာအရိုင်း**ဆိုသည်မှာ တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းတုံးများ၊ ခွဲစိတ်ဖြတ်တောက်ထားသော၊ ခွဲစိတ်ပြီး ပွတ်ချောထားသော၊ ထုခွဲထားသော ကျောက်မျက်ရတနာအရိုင်းတုံးများနှင့် အပိုင်းအစများကို ဆိုသည်။

(ဃ) **ကျောက်မျက်ရတနာအချောထည်** ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းပြုလုပ်ခြင်း စသည်ဖြင့် ဆင့်တက်ပြုပြင်ခြင်းတို့ ပြုလုပ်ထားသည့် လက်ဝတ်ရတနာ မပြုလုပ်ရသေးသော ကျောက်မျက်ရတနာကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ (ဂ) ကို ပုဒ်မခွဲ (င) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

(ဃ) ပုဒ်မခွဲ (င) ၏အောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) **ကျောက်မျက်ရတနာဖြင့်ပြုလုပ်သောပစ္စည်း**ဆိုသည်မှာ ကျောက်မျက်ရတနာကို အသုံးပြု၍ ပြုလုပ်ထားသောပစ္စည်း သို့မဟုတ် ကျောက်မျက်ရတနာပါဝင်သော ပစ္စည်းကို ဆိုသည်။"

(င) ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (င) တို့ကို ပုဒ်မခွဲ (ဆ) နှင့် ပုဒ်မခွဲ (ဇ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ် ရမည်။

(စ) ပုဒ်မခွဲ (စ) ကို ပုဒ်မခွဲ (ဈ) အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) **လိုင်စင်**ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့်ပြုလုပ်သောပစ္စည်းကို ဖြစ်စေ ဆိုင်ခန်းဖွင့်လှစ်၍ ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန်သော်လည်းကောင်း၊ ကျောက်မျက်ရတနာအချောထည် ပြုလုပ်ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ လက်ဝတ်ရတနာ ပြုလုပ်ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့်ပြုလုပ်သောပစ္စည်း ပြုလုပ် ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်နိုင်ရန်သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ကိုဆိုသည်။"

(ဆ) ပုဒ်မခွဲ (ဆ) ကို ပုဒ်မခွဲ (ည) အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အောက်ပါအတိုင်း အစားထိုးရမည်-

"(ည) **ရတနာခွန်**ဆိုသည်မှာ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းမှ ထွက်ရှိလာသော ကျောက်မျက် ရတနာ အရိုင်းများအပေါ် ဤဥပဒေအရ ကောက်ခံသည့်အခွန်ကို ဆိုသည်။"

(ဇ) ပုဒ်မခွဲ (ည) ၏အောက်တွင် ပုဒ်မခွဲ (ဋ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဋ) **ဝန်ဆောင်ခ**ဆိုသည်မှာ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက ရတနာခွန် ပေးဆောင် ပြီးသည့် ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာ သို့မဟုတ် ကျောက်မျက်ရတနာဖြင့်ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင် မြန်မာ ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားသုံးငွေဖြင့် တင်ပြရောင်းချခြင်း၊ သတ္တုတွင်းဝန်ကြီးဌာနက စီစဉ်ပေးသောနေရာများတွင် ရောင်းချခြင်းတို့၌ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းက ဆောင်ရွက်ရသည့် လုပ်ငန်းများအတွက် ဤဥပဒေနှင့်အညီ ကောက်ခံသည့် ဝန်ဆောင်ခကို ဆိုသည်။"

(ဈ) ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲ (ဈ)၊ ပုဒ်မခွဲ (ည) နှင့် ပုဒ်မခွဲ (ဋ) တို့ကို ပုဒ်မခွဲ (ဌ)၊ ပုဒ်မခွဲ (ဍ)၊ ပုဒ်မခွဲ (ဎ) နှင့် ပုဒ်မခွဲ (ဏ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

(ည) ပုဒ်မခွဲ (ဏ) ၏အောက်တွင် ပုဒ်မခွဲ (တ)၊ ပုဒ်မခွဲ (ထ)၊ ပုဒ်မခွဲ (ဒ)၊ ပုဒ်မခွဲ (ဓ)၊ ပုဒ်မခွဲ (န)၊ ပုဒ်မခွဲ (ပ)၊ ပုဒ်မခွဲ (ဖ)၊ ပုဒ်မခွဲ (ဗ)၊ ပုဒ်မခွဲ (ဘ) နှင့် ပုဒ်မခွဲ (မ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(တ) **အကြီးစားတူးဖော်ထုတ်လုပ်ခြင်း**ဆိုသည်မှာ ကျောက်မျက်ရတနာဖြစ်ထွန်းမှု ပမာဏ အရ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏

သဘောတူညီချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် ရတနာနယ်မြေအတွင်း လုပ်ကွက်အကျယ်အဝန်း၊ တူးဖော်မည့် နည်းစနစ်၊ သုံးစွဲရမည့် စက်ယန္တရား စသည်တို့ပါဝင်သော ၁၀ နှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

(ထ) **အလတ်စားတူးဖော်ထုတ်လုပ်ခြင်း**ဆိုသည်မှာ ကျောက်မျက်ရတနာဖြစ်ထွန်းမှုပမာဏ အသင့်အတင့်ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် ရတနာနယ်မြေအတွင်း လုပ်ကွက်အကျယ်အဝန်း၊ တူးဖော်မည့် နည်းစနစ်၊ သုံးစွဲရမည့် စက်ယန္တရားစသည်တို့ ပါဝင်သော ငါးနှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

( ဒ ) **အသေးစားတူးဖော်ထုတ်လုပ်ခြင်း**ဆိုသည်မှာ ကျောက်မျက်ရတနာဖြစ်ထွန်းမှုပမာဏ နည်းပါး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပ ဧရိယာအတွင်း လုပ်ကွက်အကျယ်အဝန်း၊ တူးဖော်မည့် နည်းစနစ်၊ သုံးစွဲရမည့် စက်ယန္တရားစသည်တို့ပါဝင်သော သုံးနှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

( ဓ ) **လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ သတ္တုတွင်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းပြီး သတ္တုတွင်းဝန်ကြီးဌာနက သတ်မှတ်ထားသည့် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေပြင်ပဧရိယာအတွင်း သာမန်လက်သုံးကိရိယာများကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သော မြင်းကောင်ရေအားထက်မပိုသည့် စက်ကိရိယာကိုဖြစ်စေ အသုံးပြု၍ တစ်နှစ်အထိ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုသည်။

( န ) **လစ်လပ်လုပ်ကွက်**ဆိုသည်မှာ ကျောက်မျက်ရတနာတူးဖော်ရန် ခွင့်ပြုထားသော ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် လျှောက်ထားခြင်းမရှိသော လုပ်ကွက်ကို ဆိုသည်။

( ပ ) **မြေအသုံးပြု ခွင့်ပြုမိန့်**ဆိုသည်မှာ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆိုင်ရာ ယာယီအဆောက်အအုံ၊ ပစ္စည်းသိုလှောင်ရုံနှင့် တဲ၊ တန်းလျားများ ဆောက်လုပ်ရေးအတွက်လည်းကောင်း၊ ယာဉ်၊ စက်ယန္တရား၊ ထုတ်လုပ်ပြီး ကျောက်ရိုင်းများနှင့် ဖြုန်းများထားရှိရေးအတွက်လည်းကောင်း၊ မြေစာဆေးကြောရေး၊ ကျောက်ထုခွဲရေးနှင့် မြေစာပစ်ရေးတို့အတွက်လည်းကောင်း လုပ်ငန်းသုံးနေရာတစ်ခုခုကို အသုံးပြုခွင့်အတွက် ထုတ်ပေးထားသော ခွင့်ပြုချက်ကို ဆိုသည်။

( ဖ ) **ခွင့်ပြုမိန့်ရရှိသူ**ဆိုသည်မှာ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူကို ဆိုသည်။

( ဗ ) **လိုင်စင်ရရှိသူ**ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ) အရ ထုတ်ပေးသည့် လုပ်ငန်းအတွက် လိုင်စင်ရရှိသူကို ဆိုသည်။

(ဘ) **အသင်းချုပ်**ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ကို ဆိုသည်။

( မ ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။"

၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (ခ) တွင်ပါရှိသော "ကုမ္ပဏီနှင့်သမဝါယမအသင်းများ" ဆိုသည့် စကားရပ်ကို "ခွင့်ပြုမိန့်နှင့်လိုင်စင်ရရှိသူများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ (ဃ) ၏အောက်တွင် ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"( င ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းများ စီမံဆောင်ရွက်ရန်၊

( စ ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန်။"

၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာကို စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည့် သို့မဟုတ် ရှာဖွေတွေ့ရှိသည့်နယ်မြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်ရန်ရှိသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း အများပြည်သူသိရှိရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

( ခ ) ရတနာနယ်မြေအဖြစ် သတ်မှတ်ရန်ရည်ရွယ်သည့် သက်ဆိုင်ရာနယ်မြေတွင် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်နှင့် အခြားအခွင့်အရေးများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ရတနာနယ်မြေအဖြစ် သတ်မှတ်ပါက ထိခိုက်နစ်နာ ဆုံးရှုံးနိုင်ဖွယ်ရာ ရှိ မရှိနှင့် စပ်လျဉ်း၍ဖြစ်စေ စုံစမ်းစစ်ဆေးပြီး သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျွမ်းကျင်သူများပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်စေရမည်။

( ဂ ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက ယင်းသို့သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့နှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်းပြုနိုင်သည်။

( င ) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ ဆောင်ရွက်ပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

( စ ) ပုဒ်မခွဲ (င) အရ သတ်မှတ်သော ရတနာနယ်မြေအပေါ် ကျူးကျော်၍ ဆောက်လုပ်သည့် အဆောက်အအုံများ၊ ပစ္စည်းများနှင့် စက်ပစ္စည်းကိရိယာများကို သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဖယ်ရှားခြင်းမပြုလျှင် အဆိုပါပစ္စည်းများကို ဖျက်သိမ်းခြင်းနှင့် ဖယ်ရှားခြင်း ပြုနိုင်သည်။ ထိုသို့ ပြုလုပ်ရာတွင် မည်သည့်နစ်နာဆုံးရှုံးမှုအတွက်ကိုမျှ ပေးလျော်ရန် တာဝန်မရှိစေရ။"

၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄ ၏နောက်တွင် ပုဒ်မ ၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄-က။ ရတနာနယ်မြေအဖြစ် သတ်မှတ်သည့် နယ်မြေတွင် မြို့ သို့မဟုတ် ကျေးရွာလူနေအိမ်များ တိုးချဲ့ခြင်း၊ သာသနာ့နယ်မြေသတ်မှတ်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့လုပ်ကိုင်ခြင်း၊ သစ်တောစိုက်ခင်း တိုးချဲ့ လုပ်ကိုင်ခြင်း၊ ရေတွင်း သို့မဟုတ် ရေကန်တူးဖော်ခြင်း၊ ဆည်မြောင်းတည်ဆောက်ခြင်းနှင့် အခြားစီမံကိန်း နှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သည် သတ္တုတွင်းဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ ဆောင်ရွက် ရမည်။"

၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင်ပါရှိသော "ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း" ဆိုသည့် စကားရပ်ကို "ခွင့်ပြုမိန့်ရရှိသူ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၇ တွင် ပါရှိသော "အပေါ်ယံမြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ မည်သည့်ကမ်းလွန်ရေတိမ်ပိုင်းတွင်ဖြစ်စေ" ဆိုသည့် စကားရပ်ကို "အပေါ်ယံ မြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ နိုင်ငံတော်နယ်နိမိတ်အတွင်းရှိ မြေပေါ်၊ မြေအောက်၊ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေထုတွင်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုရန် အလို့ငှာ ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာတူးဖော်နိုင်သည့်နေရာများကို အကြီးစားတူးဖော် ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်များအဖြစ် သတ်မှတ်ရမည်။"

၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင် ခွင့်ပြုမည့် ကျောက်မျက်ရတနာ လုပ်ကွက်တစ်ခုချင်းအတွက် ကြမ်းခင်းဈေးနှုန်းကို သတ်မှတ်ရမည်။

(ခ) ကြမ်းခင်းဈေးနှုန်း သတ်မှတ်ပြီးသော အကြီးစား တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက် များကို သတ်မှတ်ချက်များနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာ ခေါ်ယူရမည်။"

၁၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်သော ကုမ္ပဏီ သို့မဟုတ် အသင်းသည် သတ္တုတွင်း ဝန်ကြီးဌာနက အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင် ခွင့်ပြုမည့် ကျောက်မျက်ရတနာလုပ်ကွက်များကို ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာ ခေါ်ယူသည့်အခါ အကြီးစားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ၊ အလတ်စားတူးဖော်ထုတ်လုပ်ခြင်း အတွက်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်၍ အဆိုပြုလွှာ တင်ခွင့်ရှိသည်။"

၁၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၂။ သတ္တုတွင်းဝန်ကြီးဌာနသည် အကြီးစားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ၊ အလတ်စား တူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့် ညီညွတ်ပြီး ဈေးအများဆုံးပေး၍ အဆိုပြုလွှာတင်သည့် ကုမ္ပဏီ သို့မဟုတ် အသင်းအား ကျောက်မျက် ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

၁၂။　မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၂ ၏နောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၂-က။　သတ္တုတွင်းဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသူနှင့် အကြီးစားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ၊ အလတ်စားတူးဖော်ထုတ်လုပ်ခြင်းအတွက်ဖြစ်စေ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ထုတ်လုပ်မှုအပေါ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များအပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ကိုင်ရမည်။"

၁၃။　မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က)　အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုသည့် ကျောက်မျက်ရတနာလုပ်ကွက်များ၏ ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုကြောင်း လျှောက်ထားလာပါက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို စိစစ်သုံးသပ်ပြီး လုပ်ကိုင်ခွင့်သက်တမ်းကို တိုးမြှင့်ခွင့်ပြုနိုင်သည်။

(ခ)　ပုဒ်မခွဲ (က) အရ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသော အကြီးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ကျောက်မျက်ရတနာလုပ်ကွက်တစ်ခုချင်းအတွက် ဈေးနှုန်းပြန်လည်သတ်မှတ်ပြီး ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းဆက်လက်လုပ်ကိုင်ရန် သက်တမ်းတိုးမြှင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

၁၄။　မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၃ ၏နောက်တွင် ပုဒ်မ ၁၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၃-က။　သတ္တုတွင်းဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များကို ဖွဲ့စည်းပေးနိုင်သည်။"

၁၅။　မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ (က)　ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် ရတနာနယ်မြေ သို့မဟုတ် ရတနာနယ်မြေ ပြင်ပဧရိယာအတွင်း အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ပြုမည့်နေရာဒေသများကို သတ္တုတွင်းဝန်ကြီးဌာန၏ သဘောထားရယူပြီး လုပ်ကွက်ချထားပေးနိုင်သည်။

(ခ)　ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့်နေရာဒေသအတွင်းရှိ မြေတွင် အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် ခွင့်ပြုမိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သို့ လျှောက်ထားရမည်။"

၁၆။　မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် -

(က)　အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အသေးစားတူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်သက်တမ်းနှင့် ကြမ်းခင်းဈေးနှုန်းကို သတ်မှတ်ရမည်။

(ခ) သတ်မှတ်ထားသော စျေးနှုန်းကို လျှောက်ထားသူက သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့် ထုတ်ပေးရမည်။

(ဂ) ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့်အခါ အသေးစား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် စျေးနှုန်းတို့ကို ပြန်လည် သတ်မှတ်ရမည်။

(ဃ) လက်ရှိလုပ်ငန်းလုပ်ကိုင်နေသူသည် သတ်မှတ်ထားသော စျေးနှုန်းကို သတ်မှတ်ကာလ အတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

၁၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ပါရှိသော "လုပ်ကိုင်ခွင့်သက်တမ်း" ဆိုသည့်စကားရပ်ကို "ခွင့်ပြုမိန့်သက်တမ်း" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅-က တွင်ပါရှိသော "ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်က" ဆိုသည့် စကားရပ်ကို "ခွင့်ပြုမိန့်ရရှိသူက" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၅-ခ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅-ခ။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူကို ရတနာနယ်မြေတွင် မြေအသုံးပြု ခွင့်ပြုမိန့်ရရှိစေရန် လျှောက်ထားခွင့်ပြုနိုင်သည်။"

၂၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၅-ဂ၊ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က)ပါ "ပါမစ်" ဆိုသည့် စကားရပ်များကို "မြေအသုံးပြုခွင့်ပြုမိန့်" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၂၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာတန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက် များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။"

၂၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၇။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်၍ ရတနာခွန် ထမ်းဆောင်ပြီးဖြစ်လျှင် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းထားသော ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လိုက်နာ၍ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းပြုလုပ်ခြင်းတို့ကို ပြုလုပ်၍ အချောထည်ပြုလုပ်ခွင့်နှင့် ကျောက်မျက် ရတနာဖြင့်ပြုလုပ်သောပစ္စည်းများ ပြုလုပ်ခွင့်ရှိသည်။

(ခ) ယင်းကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့် အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကို လက်ဝတ်ရတနာနှင့် ကျောက်မျက်ရတနာဖြင့်ပြုလုပ်သောပစ္စည်းများ ပြုလုပ်ခွင့်ရှိသည်။

(ဂ) ယင်းကျောက်မျက်ရတနာအရိုင်းကိုလည်းကောင်း၊ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာ အချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကိုလည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုလည်းကောင်း -

(၁) ပြည်တွင်း၌ သတ်မှတ်ချက်များနှင့်အညီ လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ လွတ်လပ်စွာ ရောင်းချခွင့် ရှိသည်။

(၃) သတ္တုတွင်းဝန်ကြီးဌာနက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် ကုန်သွယ်ရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းတို့၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများပြုလုပ်၍ရောင်းချခွင့်ရှိသည်။

(၄) ပြည်ပသို့ နိုင်ငံခြားသုံးငွေဖြင့် တည်ဆဲဥပဒေနှင့်အညီ တင်ပို့ရောင်းချခွင့်ရှိသည်။

(၅) သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင် လည်းကောင်း၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်း ကျောက်မျက်ရတနာပြပွဲများတွင်လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင် လည်းကောင်း ရောင်းချခွင့်ရှိသည်။

(၆) ပြည်ပမှ ရတနာကုန်သည်များကို မိမိအစီအစဉ်ဖြင့် ဖိတ်ခေါ်၍ တည်ဆဲဥပဒေများနှင့် အညီ ရောင်းချခွင့်ရှိသည်။

(၇) ပြည်ပကျောက်မျက်ရတနာပြပွဲများတွင် တည်ဆဲဥပဒေနှင့်အညီ သွားရောက် ရောင်းချခွင့်ရှိသည်။"

၂၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၉။ ခွင့်ပြုမိန့်ရရှိသူသည် ကျောက်မျက်ရတနာအချောထည် သို့မဟုတ် လက်ဝတ်ရတနာပြုလုပ် ရောင်းချရာ၌ အသုံးပြုရန် အမှန်တကယ်လိုအပ်သော ကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုနှင့်ဆိုင်သော စက်ပစ္စည်းကိရိယာများကို အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် တင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ရှိသည်။"

၂၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၀။ မည်သူမဆို ဆိုင်ခန်းဖွင့်လှစ်၍ ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကို ဖြစ်စေ ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါက လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သတ္တုတွင်း ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။"

၂၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ကျင်းပသော ကျောက်မျက်ရတနာပြပွဲ၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်းကျောက်မျက်ရတနာပြပွဲများ၊ နိုင်ငံတကာ ကျောက်မျက်ရတနာပြပွဲများနှင့် တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင် အရ ခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင်သာ ရောင်းချရမည်။"

၂၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၃။ လိုင်စင်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ရရှိသူက ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူခွင့်၊ သယ်ယူခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခွင့်၊ လက်ဝတ် ရတနာ ပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းပြုလုပ်ခွင့်များရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ဝယ်ယူထားသည့် ကျောက်မျက်ရတနာအရိုင်းကိုလည်းကောင်း၊ ပြုလုပ် ထားသော ကျောက်မျက်ရတနာအချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကို လည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုလည်းကောင်း -

(၁) ပြည်တွင်း၌ သတ်မှတ်ချက်များနှင့်အညီ လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်။

(၃) ပြည်ပသို့ နိုင်ငံခြားသုံးငွေဖြင့် တည်ဆဲဥပဒေနှင့်အညီ တင်ပို့ရောင်းချခွင့်ရှိသည်။"

၂၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၆ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) အရ မိမိထံပြသသော ကျောက်မျက်ရတနာအရိုင်းများ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားရှိခြင်း၊"

(ခ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ခွင့်ပြုမိန့်ရရှိသူက ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းများကို တန်ဖိုးဖြတ်အဖွဲ့သို့ ပြသမှတ်ပုံတင်ခြင်းမပြုဘဲ မသမာမှုပြုကြောင်း သတင်းရရှိပါက ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊"

၂၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ အခန်း (၉) ခေါင်းစဉ်ကို အောက်ပါအတိုင်းပြင်ဆင်ရမည် -

**"အခန်း (၉)**

**ရတနာခွန်နှင့် ဝန်ဆောင်ခပေးဆောင်ခြင်း"**

၂၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၃၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၈။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၂၇ အရ ရတနာခွန်ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာအရိုင်းကို ရောင်းချပါက အမှန်တကယ်ရောင်းချသည့်တန်ဖိုး၏ သုံးရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ်ပေးဆောင်ရမည်။"

၃၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၉။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၂၇ အရ ရတနာခွန်ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ရောင်းချပါက အမှန်တကယ်ရောင်းချသည့်တန်ဖိုး၏ တစ်ရာခိုင်နှုန်းကို ဝန်ဆောင်ခပေးဆောင်ရမည်။"

၃၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၀။ လိုင်စင်ရရှိသူသည် ဤဥပဒေအရ ရတနာခွန်ပေးဆောင်ပြီးသော -

(က) ကျောက်မျက်ရတနာအရိုင်းကို ရောင်းချပါက အမှန်တကယ်ရောင်းချသည့်တန်ဖိုး၏ သုံးရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်။

(ခ) ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ရောင်းချပါက အမှန်တကယ်ရောင်းချသည့်တန်ဖိုး၏ တစ်ရာခိုင်နှုန်းကို ဝန်ဆောင်ခပေးဆောင်ရမည်။"

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၁ ကို ပယ်ဖျက်ရမည်။

၃၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၂ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ၏ အောက်တွင် ပုဒ်မခွဲငယ် (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ပြီး ပုဒ်မခွဲငယ် (၄) ကို ပုဒ်မခွဲငယ် (၅) အဖြစ် ပြန်လည်အမှတ်စဉ်ရမည် -

"(၄) မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်မှ အဖွဲ့ဝင်များကိုယ်စားလှယ် (၃) ဦး"

(ခ) ပုဒ်မခွဲ (ခ) ၏အောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၃၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၄ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ရတနာနယ်မြေ သတ်မှတ်ခြင်း၊ ကျောက်မျက်ရတနာလုပ်ကွက်အမျိုးအစား သတ်မှတ်ခြင်း၊ ကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း၊ ပုဒ်မ ၁၅-က အရ အများသုံးမြေစာပစ်ရန် နေရာသတ်မှတ်ခြင်း၊ ပုဒ်မ ၁၅-ခ ပါ လုပ်ငန်းသုံးနေရာအတွက် မြေအသုံးပြု ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ မြေအသုံးပြု ခွင့်ပြုမိန့်အတွက် မြေငှားရမ်းခသတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊"

(ခ) ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ တူးဖော်ထုတ်လုပ်ခြင်း၊ ပြည်ပသို့ ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီးနှိမ်နင်းရေးအတွက် နည်းလမ်းများရှာကြံ၍ သတ္တုတွင်းဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊"

(ဂ) ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဇ) နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာ၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာဈေးကွက် ရာခိုင်နှုန်းပြည့် ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရတနာခွန်များအပြည့်အဝပေးဆောင်စေရန် အထောက်အကူပြုစေရေးတို့အတွက် ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်အား ကြီးမှူးကျင်းပစေခြင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် နယ်စပ်ကုန်သွယ်ရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်၏ ကြီးကြပ်မှုဖြင့် ကျင်းပခွင့်ပြုခြင်း၊"

(ဃ) ပုဒ်မခွဲ (ဇ) ၏ အောက်တွင် ပုဒ်မခွဲ (ဈ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဈ) ကျောက်မျက်ရတနာဈေးကွက် ကျယ်ပြန့်ဖြစ်ထွန်းစေရန် ပုဂ္ဂလိကကျောက်မျက်ရတနာပြပွဲများကို ကျင်းပရန် တင်ပြခြင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များမှ ပြည်ပတွင် ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာပြပွဲများ ကျင်းပခြင်းကို အားပေးကူညီခြင်း။"

၃၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၅ တွင်ပါရှိသော "စီမံကိန်းနှင့်လုပ်ငန်းစစ်ဆေးရေးဦးစီးဌာန" ဆိုသည့် စကားရပ်ကို "သတ္တုတွင်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) ၏အောက်တွင် ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်၍ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ကို ပုဒ်မခွဲ (ဃ) နှင့် (င) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်-

"(ဂ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း၊"

၃၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က) ပါ "စီမံကိန်းနှင့်လုပ်ငန်းစစ်ဆေးရေးဦးစီးဌာနမှ" ဆိုသည့်စကားရပ်ကို "သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ရှိ သတ္တုတွင်းဦးစီးဌာန သို့မဟုတ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတစ်ခုခုမှ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၈။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ လိုင်စင်ရရှိသူကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူ၏ ကိုယ်စား စီမံအုပ်ချုပ်သူတစ်ဦးဦးကဖြစ်စေ၊ မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း

သတ္တုတွင်းဝန်ကြီးဌာနသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ကိုကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ရရှိသူ၊ လိုင်စင်ရရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ရရှိသူအား လိုအပ်သလို အရေးယူဆောင်ရွက်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြောင်းကြားခြင်း။"

၄၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၉ တွင်ပါရှိသော "တရားမဝင်" ဆိုသည့် စကားရပ်ကို "ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၉ တွင်ပါရှိသော "ထောင်ဒဏ်အနည်းဆုံး ၁၀ နှစ်မှ အများဆုံး တစ်သက်တစ်ကျွန်းဒဏ်" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ်အနည်းဆုံး ငါးနှစ်မှ အများဆုံး တစ်ဆယ်နှစ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ပုဒ်မ ၄၀ ၏နောက်တွင် ပုဒ်မ ၄၀-က အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည် -

"၄၀-က။ မည်သူမဆို ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကို ပြည်ပသို့ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် မညီဘဲ ထုတ်ဆောင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၄၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၀ နှင့် ၄၁ တို့တွင်ပါရှိသည့် "ထောင်ဒဏ်အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ" ဆိုသည့်စကားရပ်ကို "ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကျောက်မျက်ရတနာအရိုင်းကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ရယူခြင်း၊ လွှဲပြောင်းခြင်း၊

(ခ) ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့်ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ လိုင်စင် မရရှိဘဲ ဆိုင်ခန်းဖွင့်လှစ်၍ ရောင်းချခြင်း။"

၄၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၃။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ယင်းခွင့်ပြုမိန့်ရှိသူ၏ကိုယ်စား စီမံအုပ်ချုပ်သူကဖြစ်စေ၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (စ) နှင့်စပ်လျဉ်း၍ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၄၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၃ ၏ နောက်တွင် ပုဒ်မ ၄၃-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၃-က။ မည်သူမဆို ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မြေအသုံးပြု ခွင့်ပြုမိန့်ရရှိထားသည့် လုပ်ငန်းဧရိယာအတွင်း ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းစဉ်တစ်ရပ်ရပ်ကို ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်လမှ အများဆုံး သုံးလအထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၄၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၅၊ ပုဒ်မခွဲ (ခ) ၌ပါရှိသော "အသုံးပြုသည့်ယာဉ်" ဆိုသည့် စကားရပ်၏နောက်တွင် "ယန္တရား" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၆။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထားဆောင်ရွက်ရမည်။

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို ပိတ်သိမ်းသည့်အခါ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်ရာဒေသ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု၏ နှစ်ရာခိုင်နှုန်းထက် မနည်းသော ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိဆောင်ရွက်ရမည်။"

၄၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၇။ သတ္တုတွင်းဝန်ကြီးဌာနက တာဝန်ပေးအပ်သောအရာရှိသည် ဤဥပဒေအရ ရရန်ရှိသောငွေများကို တည်ဆဲဥပဒေများပါ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အရကောက်ခံရမည်။"

၅၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၉ ကို ပယ်ဖျက်ရမည်။

၅၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၁။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခြင်းနှင့် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းရောင်းချခြင်းလုပ်ငန်းကိုလည်းကောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။"

၅၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၃ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၃။ ဤဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ စည်းကမ်းချက်များ သတ်မှတ်လျက် မည်သည့်ကုမ္ပဏီ သို့မဟုတ် အသင်းကိုမဆို-"

၅၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) သတ္တုတွင်းဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သတ္တုတွင်းဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သတ္တုတွင်းဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့သည် အမိန့်နှင့် ညွှန်ကြားချက်များကို သတ္တုတွင်းဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

## စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ

## ( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။ )

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **စုပေါင်းပိုင်အဆောက်အအုံ**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေတွင် စုပေါင်းပိုင်အဆောက်အအုံအဖြစ် ဆောက်လုပ်ထားသော ၆ ထပ်နှင့်အထက်ရှိသည့် အထပ်မြင့် အဆောက်အအုံကို ဆိုသည်။ ယင်းစကားရပ်တွင် စုပေါင်းပိုင်သူများအသုံးပြုရန် စီမံထားရှိသည့် စုပေါင်းပိုင်ပစ္စည်းနှင့် အိမ်ခန်းများလည်း ပါဝင်သည်။

(ခ) **စုပေါင်းပိုင်ပစ္စည်း**ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံနှင့် ဆက်စပ်လျက်ရှိသော အောက်ပါပစ္စည်းများပါဝင်သည် -

(၁) ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေ၊

(၂) ယင်းစုပေါင်းပိုင်မြေတွင် ဆောက်လုပ်ထားသော တစ်ဦးချင်းပိုင်အိမ်ခန်းများမှအပ စုပေါင်းပိုင်သူအားလုံးနှင့် အကျိုးသက်ဆိုင်သည့် စုပေါင်းပိုင်အဆောက်အအုံ၏ အစိတ်အပိုင်းများ၊ တပ်ဆင်ထားသော ပစ္စည်းကိရိယာများ၊

(၃) စုပေါင်းပိုင်သူများ၏အကျိုးအတွက် အသုံးပြုရန် ဆောက်လုပ်ထားသော သို့မဟုတ် စီမံထားရှိသော အဆောက်အအုံများ၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် ပစ္စည်းများ၊ ဝင်းခြံ၊ ဉယျာဉ်နှင့်သစ်ပင်ပန်းမန်များ၊ ရေပေးရေး၊ အညစ်အကြေးစွန့်ပစ်ရေးနှင့် သန့်ရှင်းရေးဆိုင်ရာပစ္စည်းများ၊ စွမ်းအင်ဖြန့်ဖြူးရေးဆိုင်ရာပစ္စည်းများ၊ လမ်းတံတားနှင့် ရေမြောင်းများ၊ ဆက်သွယ်ရေးပစ္စည်းများ။

(ဂ) **စုပေါင်းပိုင်မြေ**ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံနှင့် စုပေါင်းပိုင်ပစ္စည်းတည်ရှိသော စုပေါင်းပိုင်သူအားလုံးက တည်ဆဲဥပဒေနှင့်အညီ အကျိုးသက်ဆိုင်သည့် မြေနှင့်မြေကွက်လပ်တို့ကို ဆိုသည်။

(ဃ) **နိုင်ငံခြားသား**ဆိုသည်မှာ နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် ဧည့်နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူမဟုတ်သောသူကို ဆိုသည်။

(င) **တည်ထောင်သူ**ဆိုသည်မှာ ငွေကြေးရင်းနှီးမြှုပ်နှံပြီး စုပေါင်းပိုင်အဆောက်အအုံတည်ထောင်ခြင်းလုပ်ငန်းလုပ်ကိုင်နိုင်ရန် ဤဥပဒေအရထုတ်ပေးသော လုပ်ငန်းလိုင်စင်ရရှိသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အာမခံကုမ္ပဏီများ မပါဝင်။

(စ) **စုပေါင်းပိုင်သူ**ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်း သို့မဟုတ် အိမ်ခန်းများကို ဤဥပဒေအရ တရားဝင်ပိုင်ဆိုင်ကြောင်း အိမ်ခန်းမှတ်ပုံတင်လက်မှတ် ရရှိထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် စုပေါင်းပိုင်သူ၏ အမွေဆက်ခံသူ သို့မဟုတ် တရားဝင်လွှဲပြောင်းရရှိသူလည်း ပါဝင်သည်။

(ဆ) **မူလအချိုးသင့်ပိုင်ဆိုင်မှုအစုတန်ဖိုး**ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းအသီးသီးအတွက် လွှဲပြောင်းသည့် တန်ဖိုးအလို့ငှာလည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရေးနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ထည့်ဝင်ရမည့် ရန်ပုံငွေပမာဏအတွက်လည်းကောင်း သက်ဆိုင်ရာ စုပေါင်းပိုင်အဆောက်အအုံ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် တည်ထောင်သူက သတ်မှတ်ထားသည့် အချိုးသင့်ပိုင်ဆိုင်မှုတန်ဖိုးကို ဆိုသည်။

(ဇ) **အိမ်ခန်း**ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံတွင် နေထိုင်ရန် သို့မဟုတ် အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခြားနည်းသုံးစွဲရန် တစ်ဦးချင်းပိုင်အဖြစ် သီးခြားကာရံ၍ ဆောက်လုပ်ထားသော အိမ်ခန်းကို ဆိုသည်။

(ဈ) **အသင်း**ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် အလို့ငှာ ဤဥပဒေအရထုတ်ပေးသော အသင်းမှတ်ပုံတင်လက်မှတ် ရရှိသည့် စုပေါင်းပိုင်အဆောက်အအုံအသင်းကို ဆိုသည်။

(ည) **အသင်းဝင်**ဆိုသည်မှာ အသင်းမှတ်ပုံတင်လက်မှတ်ရရှိသော စုပေါင်းပိုင်အဆောက်အအုံ၏ အိမ်ခန်းမှတ်ပုံတင်လက်မှတ်ရရှိသူကို ဆိုသည်။

(ဋ) **အမှုဆောင်အဖွဲ့**ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ စုပေါင်းပိုင်အသင်း၏ ဖွဲ့စည်းထားသော စုပေါင်းပိုင်အဆောက်အအုံ အမှုဆောင်အဖွဲ့ကို ဆိုသည်။

(ဌ) **ယာယီအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော စုပေါင်းပိုင်အဆောက်အအုံ ယာယီအမှုဆောင်အဖွဲ့ကို ဆိုသည်။

(ဍ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဎ) **စီမံခန့်ခွဲရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များကို ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဤဥပဒေအရဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲရေးကော်မတီများနှင့် နေပြည်တော်ကောင်စီ စီမံခန့်ခွဲရေးကော်မတီတို့ကို ဆိုသည်။

(ဏ) **ဦးစီးဌာန** ဆိုသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကို ဆိုသည်။

(တ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို မှတ်ပုံတင်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ခန့်အပ်ထားသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ မှတ်ပုံတင်အရာရှိကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့ပြနှင့်ပတ်ဝန်းကျင်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို အထောက်အကူပြုစေရန်၊

(ခ) အိမ်ရာကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊

(ဂ) စုပေါင်းပိုင်အဆောက်အအုံ၏အိမ်ခန်းများကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်နှင့် လွှဲပြောင်းခွင့်ရရှိစေရန်၊

(ဃ) အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးစီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်အကောင်အထည်ဖော်နိုင်ရန်။

## အခန်း (၃)
## စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဒေသအလိုက် အကောင်အထည်ဖော်နိုင်ရန် ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲရေးကော်မတီများကို အောက်ပါပုဂ္ဂိုလ်များဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်းရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီး — ဥက္ကဋ္ဌ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(င) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှတစ်ဦး — အဖွဲ့ဝင်

(စ) မြန်မာနိုင်ငံဗိသုကာအသင်းမှတစ်ဦး — အဖွဲ့ဝင်

(ဆ) မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှတစ်ဦး — အဖွဲ့ဝင်

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနမှကိုယ်စားလှယ်တစ်ဦး — အတွင်းရေးမှူး

(ဈ) ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — တွဲဖက်အတွင်းရေးမှူး

၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဒေသအလိုက် အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ဖွဲ့စည်းရမည် -

(က) နေပြည်တော် ကောင်စီဝင် — ဥက္ကဋ္ဌ

(ခ) နေပြည်တော်ကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဂ) နေပြည်တော်ကောင်စီ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဃ) နေပြည်တော်ကောင်စီ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(င) ဦးစီးဌာနက တာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးတစ်ဦး — အတွင်းရေးမှူး

(စ) ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး — တွဲဖက်အတွင်းရေးမှူး

၆။ စီမံခန့်ခွဲရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဒေသအတွင်း ဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) မြို့ပြဒေသများတွင် ခေတ်မီအဆောက်အအုံများနှင့် စုပေါင်းပိုင်အဆောက်အအုံစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ဦးဆောင်စည်းရုံးခြင်းနှင့် အသိပညာပေးခြင်း၊

(ဂ) စုပေါင်းပိုင်အဆောက်အအုံများ တည်ထောင်ရာတွင် ခေတ်မီတိုးတက်ရေးအတွက် လုပ်ငန်းရှင်များအား လိုအပ်သော အကြံဉာဏ်ပေးခြင်း၊

(ဃ) စုပေါင်းပိုင်အဆောက်အအုံများ ဆောက်လုပ်ရာတွင် သတ်မှတ်ဒီဇိုင်းပုံစံ စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်စေရန် စစ်ဆေးကြပ်မတ်ခြင်း၊ အတိုင်ပင်ခံ အရည်အသွေး စစ်ဆေးကြပ်မတ်ရေးအဖွဲ့များ ငှားရမ်းကြီးကြပ်၍ ဆောက်လုပ်စေခြင်း၊

(င) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဆောက်လုပ်ရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(စ) စုပေါင်းပိုင်အဆောက်အအုံများ၏ ဘေးကင်းစိတ်ချလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု မရှိစေရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းစဉ်များအလိုက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဆ) တည်ထောင်ဆောက်လုပ်ပြီးဖြစ်သော စုပေါင်းပိုင်အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေးနှင့် ပြုပြင်မွမ်းမံထိန်းသိမ်းရေးတို့အတွက် အစီအစဉ်များချမှတ်၍ အမှုဆောင်အဖွဲ့များအား လိုအပ်သော ပံ့ပိုးကူညီမှုများပေးခြင်း၊

(ဇ) စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းအသီးသီးအတွက် တည်ထောင်သူ သို့မဟုတ် တည်ထောင်သူ မရှိသည့်အခါ သက်ဆိုင်ရာ စုပေါင်းပိုင်အဆောက်အအုံ အမှုဆောင်အဖွဲ့က တင်ပြသော မူလ အချိုးသင့်ပိုင်ဆိုင်မှု အစုတန်ဖိုးကို စိစစ်၍ သဘောတူညီချက်ပေးခြင်း၊

(ဈ) အသင်း၏ ရန်ပုံငွေစာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း။

## အခန်း (၄)
## ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ (က) စုပေါင်းပိုင်အဆောက်အအုံကဏ္ဍဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များကိုရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ခ) စုပေါင်းပိုင်အဆောက်အအုံစနစ် ဖွံ့ဖြိုးတိုးတက်စေရန် သုတေသနပြုခြင်း၊ ပြည်တွင်းပြည်ပမှ နည်းပညာများကို လေ့လာဆည်းပူးခြင်းနှင့် နည်းပညာများ ပြန့်ပွားစေရန် ဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို အရေးယူဆောင်ရွက်ခြင်းနှင့် တရားစွဲဆိုခြင်း။

## အခန်း (၅)
## မှတ်ပုံတင်ခြင်းနှင့် စုပေါင်းပိုင်အဆောက်အအုံတည်ထောင်ခြင်း

၈။ စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံများကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ရမည်။

၉။ တည်ထောင်သူသည် သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေတွင်သာ စုပေါင်းပိုင်အဆောက်အအုံကို ဆောက်လုပ်ရမည်။

၁၀။ စုပေါင်းပိုင်အဆောက်အအုံဆောက်လုပ်ရန်အလို့ငှာ စုပေါင်းပိုင်မြေအဖြစ် မှတ်ပုံတင်လိုသည့်မြေသည် -

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လူနေအိမ်ရာအဖြစ် ဆောက်လုပ်ခွင့်ရှိရမည့်အပြင် ပိုင်ဆိုင်ခွင့် လွှဲပြောင်းနိုင်သော မြေအမျိုးအစားဖြစ်ရမည်။

(ခ) မြေလက်ရှိပိုင်ဆိုင်သူက သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စုပေါင်းပိုင်မြေအဖြစ် ပိုင်ဆိုင်ခွင့် လွှဲပြောင်းပေးပြီးဖြစ်ရမည်။

(ဂ) မြို့ပြစီမံကိန်းအရ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက သတ်မှတ်ထားသည့် အချက်များနှင့်အညီ ဖြစ်ရမည်။

(ဃ) မြေဧရိယာ အနည်းဆုံးစတုရန်းပေ ၂၀၀၀၀ နှင့်အထက် ရှိရမည်။

၁၁။ ဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံတစ်ခုဖြစ်ရန် သတ်မှတ်အထပ်အရေအတွက်၊ အိမ်ခန်းအရေအတွက်၊ လုံလောက်သော ယာဉ်ရပ်နားရန်နေရာနှင့် စုပေါင်းပိုင်သူများ အသုံးပြုရန် စီမံထားရှိရမည့် စုပေါင်းပိုင်ပစ္စည်းများနှင့် ယင်းအဆောက်အအုံနှင့်ပစ္စည်းများ၏ နည်းပညာအဆင့်အတန်း၊ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများ အပါအဝင် လိုအပ်သည့် စံချိန်စံညွှန်းများကို သတ်မှတ်ထားရမည်။

၁၂။ (က) ဤဥပဒေ အာဏာမတည်မီက ဆောက်လုပ်ပြီးစီးသော အဆောက်အအုံ သို့မဟုတ် ဆောက်လုပ်ဆဲဖြစ်သော စုပေါင်းပိုင်အဆောက်အအုံများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက် ပုဒ်မ ၉ နှင့်၁၀ တို့နှင့်အညီ မှတ်ပုံတင်ရန် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် စုပေါင်းပိုင် အဆောက်အအုံကို ဤဥပဒေအရ မှတ်ပုံတင်ပေးနိုင်ရန် ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လိုအပ်သည့် အချက်များကို ပြင်ဆင်ဆောင်ရွက်ရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၁၃။ (က) စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သူအဖြစ် လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် အနည်းဆုံး မတည်ငွေရင်းရှိရမည့်အပြင် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင်လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက လုပ်ငန်းလိုင်စင်ကြေး ပေးဆောင်စေပြီး စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။ သို့မဟုတ် သတ်မှတ်ချက်များနှင့် မညီညွတ်ပါက လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းဆိုနိုင်သည်။

(ဂ) တည်ထောင်သူသည် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်လိုပါက သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီသို့ လျှောက်ထားနိုင်သည်။

၁၄။ (က) တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံကို တည်ထောင်လိုပါက စုပေါင်းပိုင်မြေနှင့် အဆောက်အအုံတစ်ခုဖြစ်ရန် လိုအပ်သော အထောက်အထားများနှင့်အတူ မြေနှင့် အဆောက်အအုံပုံစံ၊ စုပေါင်းပိုင်မြေနှင့် အဆောက်အအုံတွင်ပါရှိမည့် စုပေါင်းပိုင်ပစ္စည်းများနှင့် မူလအချိုးသင့်ပိုင်ဆိုင်မှုအစုတန်ဖိုးတို့ကို ပူးတွဲတင်ပြ၍ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မခွဲ (က) အရ တင်ပြလျှောက်ထားချက်အပေါ် ခွင့်ပြုချက်ကို ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၅။ တည်ထောင်သူသည် -

(က) ပုဒ်မ ၁၄ အရ ထုတ်ပေးသော ခွင့်ပြုချက်ရရှိပါက သက်ဆိုင်ရာစာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီးသော စုပေါင်းပိုင်မြေ၌ စုပေါင်းပိုင်အဆောက်အအုံကို သတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်ရမည်။

(ခ) စုပေါင်းပိုင်အဆောက်အအုံ၏ ၄၀ ရာခိုင်နှုန်းထက်မပိုသော အိမ်ခန်းများကို နိုင်ငံခြားသား များအား ဤဥပဒေနှင့်အညီ ရောင်းချနိုင်ခွင့်ရှိသည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်ပိုင်မြေ သို့မဟုတ် နိုင်ငံတော်ကိုယ်စား အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း သို့မဟုတ် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့တစ်ခုခုက ထိန်းသိမ်းစောင့်ရှောက်ခွင့်ပြုထားသော မြေတစ်ခုခုအပေါ်တွင် စုပေါင်းပိုင်အဆောက်အအုံကို ဤဥပဒေနှင့်အညီ တည်ထောင်ဆောက်လုပ်နိုင်သည်။

## အခန်း (၆)
## မှတ်ပုံတင်ခြင်း

၁၆။ (က) ဝန်ကြီးဌာနသည် စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပေးရန် သက်ဆိုင်ရာ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ မှတ်ပုံတင်အရာရှိများကို ခန့်အပ်တာဝန်ပေးရမည်။

(ခ) တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ပေးရမည်။

(ဃ) စုပေါင်းပိုင်မြေကို မူလပိုင်ဆိုင်သူက စုပေါင်းပိုင်မြေအဖြစ် အမည်လွှဲပြောင်းရေးအတွက် သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဆောင်ရွက်ရမည်။

၁၇။ စုပေါင်းပိုင်မြေအဖြစ် သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီးသော မြေသည် မည်သည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏အမည်နှင့်မျှ ပိုင်ဆိုင်ခွင့်မရှိစေရဘဲ စုပေါင်းပိုင်သူအားလုံးနှင့် အကျိုးသက်ဆိုင်သော စုပေါင်းပိုင်မြေအဖြစ်သာလျှင် တည်ရှိစေရမည်။

၁၈။ တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍ တည်ဆဲဥပဒေနှင့်အညီ နေထိုင်ခွင့်ရရှိပါက စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်း အမှတ်အသားများကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ရမည်။

၁၉။ မှတ်ပုံတင်အရာရှိသည် စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကိုလည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းများကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ အိမ်ခန်းအလိုက် အိမ်ခန်းမှတ်ပုံတင်လက်မှတ်များကို တည်ထောင်သူအားထုတ်ပေးပြီး အိမ်ခန်းမှတ်ပုံတင်လက်မှတ်မိတ္တူကို ထိန်းသိမ်းထားရမည်။ တည်ထောင်သူသည် ယင်းအိမ်ခန်းများကို ပုဒ်မ ၂၀ အရ လွှဲပြောင်းသည့်အခါ အိမ်ခန်းလက်ခံရရှိသူသို့ သက်ဆိုင်ရာ အိမ်ခန်းမှတ်ပုံတင်လက်မှတ်ကို လွှဲပြောင်းပေးရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက် )

### နိုင်ငံတော်သမ္မတ အရည်အချင်းနှင့်ပြည့်စုံမှုရှိမရှိ စိစစ်ရေးအဖွဲ့ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၆ နှင့်အညီ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဒုတိယသမ္မတများအား နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | |
|---|---|
| (က) ဦးဝင်းမြင့် | ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် |
| (ခ) မန်းဝင်းခိုင်သန်း | ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် |
| (ဂ) ဦးတီခွန်မြတ် | ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် |
| (ဃ) ဦးအေးသာအောင် | ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် |
| (င) ဒေါက်တာမျိုးအောင် | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် |
| (စ) ဦးဘမျိုးသိန်း | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် |
| (ဆ) ဗိုလ်ချုပ်သန်းစိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |

၂။ စိစစ်ရေးအဖွဲ့သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၇၊ ၂၈ တို့နှင့်အညီ စိစစ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း

နာယက

ပြည်ထောင်စုလွှတ်တော်

**ပြင်ဆင်ဖတ်ရှုပါရန်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်း၏ အတွဲ ၆၉/ အမှတ် ၄၊ ၅၊ ၆ အပတ်စဉ်များတွင် ဖော်ပြခဲ့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေပါ ကွဲလွဲချက်များဖြစ်သော -

(၁) ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ထုတ် ပြန်တမ်းအမှတ် (၅) ၏ အခန်း (၉) ခေါင်းစဉ်အောက်ရှိ စာမျက်နှာ ၁၈၉ တွင် ပါရှိသော နည်းဥပဒေ ၄၃၊ ဥပဒေခွဲ (ဂ) တွင် **ဥပဒေပုဒ်မ ၅၅ သို့မဟုတ် ၅၆ သို့မဟုတ် ၅၇ အရ ပစ္စည်းထိမ်းသိမ်းခြင်းခံရသူ** အစား **ပစ္စည်းသိမ်းဆည်းခြင်းခံရသူ** ဟုလည်းကောင်း၊

(၂) ၎င်းပြန်တမ်းအမှတ် (၅)၊ စာမျက်နှာ ၂၂၉၊ ပုံစံ (၁) ၏ အပိုဒ် (၁)၊ အပိုဒ်ခွဲ (ဂ) တွင် **အဖအမည်** အစား **အဘအမည်** ဟုလည်းကောင်း၊

(၃) ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ထုတ် ပြန်တမ်းအမှတ် (၆)၊ စာမျက်နှာ ၂၄၀၊ ပုံစံ (၇) ၏ ပူးတွဲ (၆) ခေါင်းစဉ်တွင် **ပေးဆပ်ရန်/ရရှိရန်ရှိသောကြွေးမြီစာရင်း** အစား **ပေးဆပ်ရန်/ရရန်ရှိသောကြွေးမြီစာရင်း** ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက် ( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

## နိုင်ငံတော်သမ္မတရုံး
### အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် )

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ကိုယ်ရံတော်အရာရှိဖြစ်သော ဒုတိယဗိုလ်မှူးကြီး အောင်မြင့်လွင်အား ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၅၂၂/၂၀၁၆) အရ ပြည်ထဲရေးဝန်ကြီးဌာနသို့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ နံနက်ပိုင်းမှ စ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံး ဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတရုံး၊ စာရင်းစစ်နှင့်ဘဏ္ဍာရေး ဌာနခွဲတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးနေရာ၌ မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များဆိုင်ရာဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူသန်းအား ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထား လိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၆

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံး ဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတရုံး၊ မူဝါဒနှင့် ဥပဒေ လုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များဆိုင်ရာဌာနခွဲတွင် လစ်လပ်လျက် ရှိသော ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးနေရာ၌ အုပ်ချုပ်မှု၊ ဝန်ထမ်းရေးရာနှင့် အိမ်တော်များဆိုင်ရာ စီမံခန့်ခွဲမှုဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းနိုင်အား ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## ငွေတိုက်ဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် )

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ဘဏ္ဍာ - ၁/၂/၄-၁(၇၉၆/၂၀၁၆) ဖြင့် ခွင့်ပြုချက်အရ ငွေတိုက်ဦးစီးဌာနမှ အောက်ပါ စိစစ်ရေးမှူး-၂ များအား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) များအဖြစ် တိုးမြှင့်ခန့်ထား လိုက်သည် -

| စဉ် | အမည် |
|---|---|
| ၁။ | ဒေါ်သူဇာဝေ |
| ၂။ | ဒေါ်ရည်မွန်ကျော် |
| ၃။ | ဦးထွန်းနိုင်ဦး (ခ) နိုင်ဦး |
| ၄။ | ဒေါ်စုစုလှိုင် |
| ၅။ | ဒေါ်အေးအေးအောင် |
| ၆။ | ဒေါ်ယဉ်မာဌေး |
| ၇။ | ဒေါ်မို့မို့လှိုင် |
| ၈။ | ဒေါ်သူဇာမြင့် |
| ၉။ | ဒေါ်ဟေမာနှင်း |
| ၁၀။ | ဒေါ်အိအိအောင် |
| ၁၁။ | ဦးဇော်ဝင်းမောင် |
| ၁၂။ | ဒေါ်ခိုင်မာထွန်း |
| ၁၃။ | ဒေါ်ဇင်မာအိ |
| ၁၄။ | ဒေါ်ဆွေဇင်သက်ထား |
| ၁၅။ | ဒေါ်ထွေးထွေးသင်း |
| ၁၆။ | ဒေါ်စုမွန်သူ |
| ၁၇။ | ဒေါ်လင်းလင်းအိမ့် |
| ၁၈။ | ဒေါ်အေးမြတ်သီရိ |
| ၁၉။ | ဒေါ်ခင်ရီထွေး |
| ၂၀။ | ဒေါ်ရီရီမြင့် |
| ၂၁။ | ဒေါ်မာလာစိုး |
| ၂၂။ | ဒေါ်အေးသူဇာကျော် |
| ၂၃။ | ဒေါ်ဖြူဇင်သန့် |

မောင်မောင်ဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ငွေတိုက်ဦးစီးဌာန။

## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် )

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ဘဏ္ဍာ - ၁/၂/၄-၁(၇၉၅/၂၀၁၆) ခွင့်ပြုချက်အရ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ) ရုံးများမှ အောက်ဖော်ပြပါ စိစစ်ရေးမှူး-၂ များအား ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) များအဖြစ် တိုးမြှင့်ခန့်ထား လိုက်သည် -

| စဉ် | အမည် |
|---|---|
| ၁။ | ဒေါ်စုကြည်ထွေး |
| ၂။ | ဒေါ်အိမွန် |
| ၃။ | ဒေါ်ယုသိင်္ဂီစိုး |
| ၄။ | ဒေါ်သောင်းသောင်းဌေး |
| ၅။ | ဒေါ်စန္ဒာလင်း |
| ၆။ | ဒေါ်ခင်သန္တာကျော်တင့် |
| ၇။ | ဒေါ်မိုင်ခင်နွေရှိန် |
| ၈။ | ဒေါ်အေးအေးမွန် |
| ၉။ | ဦးနန်းအောင် |
| ၁၀။ | ဒေါ်ဝင့်ရည်ထွေး |
| ၁၁။ | ဒေါ်အေးအေးခန့် |
| ၁၂။ | ဒေါ်ကေသီလှိုင် |
| ၁၃။ | ဒေါ်မေသူထွန်း |
| ၁၄။ | ဒေါ်ခင်ကြွယ် |
| ၁၅။ | ဒေါ်မျိုးမျိုးစန်း |
| ၁၆။ | ဒေါ်ဇင်မာဝင်း |
| ၁၇။ | ဒေါ်လှမြင့်သူ |
| ၁၈။ | ဒေါ်စိမ်းလဲ့လဲ့ |
| ၁၉။ | ဦးအောင်ကျော်စွာ |
| ၂၀။ | ဒေါ်ဖူးမြတ်နိုး |
| ၂၁။ | ဒေါ်မေဇင်ဖြူ |
| ၂၂။ | ဒေါ်စမ်းပပလှိုင် |
| ၂၃။ | ဒေါ်ဆုမြတ်မွန်-၂ |

| စဉ် | အမည် |
|---|---|
| ၂၄။ | ဒေါ်ဇာခြည်သန့်သန့်ဝင်း |
| ၂၅။ | ဒေါ်သီရိရွှေမာဦး |
| ၂၆။ | ဒေါ်ကေခိုင်စိုး |
| ၂၇။ | ဦးနေလင်းထွန်း |
| ၂၈။ | ဒေါ်သင်းနုဆွေ |
| ၂၉။ | ဒေါ်ချမ်းမြေ့ဦး |
| ၃၀။ | ဒေါ်ခိုင်မေစိုး |
| ၃၁။ | ဒေါ်ဆွေဆွေဝင်း |
| ၃၂။ | ဒေါ်မေဇင်ဦး |
| ၃၃။ | ဒေါ်ရွှေစင်နိုင် |
| ၃၄။ | ဒေါ်နော်ယဉ်ယဉ်မြင့် |
| ၃၅။ | ဦးပြည့်ဖြိုးပိုင် |
| ၃၆။ | ဒေါ်မြနှင်း |
| ၃၇။ | ဒေါ်အေးမြတ်သူဇာ |
| ၃၈။ | ဦးသန့်ဇင် |
| ၃၉။ | ဒေါ်ချိုဇင်သက် |
| ၄၀။ | ဒေါ်ခင်နှင်းဖြူ |
| ၄၁။ | ဒေါ်ခင်အေးသန့် |
| ၄၂။ | ဦးအောင်ကြည်စိုး |
| ၄၃။ | ဦးထက်မြက်အောင် |
| ၄၄။ | ဒေါ်ဂျူဂျူအောင် |
| ၄၅။ | ဒေါ်နှင်းကြူကြူလှိုင် |
| ၄၆။ | ဦးညီညီနိုင် |
| ၄၇။ | ဦးကြည်သာ |
| ၄၈။ | ဒေါ်ခင်ဆွေလင်း |
| ၄၉။ | ဦးကျော်ဇေယျာမင်း |
| ၅၀။ | ဦးခင်မောင်ဇင် |
| ၅၁။ | ဒေါ်ဇာခြည်ထွေး |
| ၅၂။ | ဦးဝေလွင် |
| ၅၃။ | ဒေါ်ဆုမြတ်မွန်-၁ |

ခွဲ့ခွဲ့ဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန။

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၂၂-၄-၂၀၁၆။